# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၅ဝ)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ၁၄–၈–၂ဝ၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၁၃

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၁/၂ဝ၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂ဝ၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ဇွန် ၁၄ ရက်တွင် ပထမအကြိမ်၊ ဇူလိုင် ၁၃ ရက်တွင် ဒုတိယအကြိမ် ကြိုတင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" ကို ဇူလိုင် ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအား အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယနေ့တွင် ဗဟိုကော်မတီအစည်းအဝေးကို ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ထိပါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီများကိုအဆင့်အဆင့်ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး" စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှု မရှိစေရေးအတွက် အထူးအလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီအဆင့်ဆင့် အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူက ဇူလိုင် ၂၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"**ကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သက်နိုင်က အထွေထွေရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့် လျာထားအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုံခြုံရေးအစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်တို့က ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၃

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃ဝ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁ဝ ပေခန့်ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၁၄ ရက်၊ ကြာသပတေးနေ့။

## မင်္ဂလာတရားတော်နှင့်အညီ လိုက်နာကျင့်သုံးတတ်ရမည်

မင်္ဂလာတရားတော်ကို ကလေးဘဝမှာပင် သင်ကြားပေးခဲ့ခြင်းက ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်လုံးတွင် လူမှုဆက်ဆံရေး ဘဝအောင်မြင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက် ဖြစ်သည်။ အကျိုးရလဒ်အားဖြင့် ကြီးပွားချမ်းသာကြောင်းနှင့် မကောင်းမှုဟူသမျှတို့ကို ပယ်ဖျောက်နိုင်ကြောင်းဟူ၍ ဖြစ်သည်။ ထို့ကြောင့်ပင် ရှေးခေတ်ပညာရေးစနစ်တွင် မင်္ဂလသုတ်ကို ကျောင်းသား၊ ကျောင်းသူတို့ ရိုသေလေးစားစွာ သင်ယူခဲ့ရခြင်းဖြစ်သည်။ စင်စစ်မင်္ဂလသုတ်သည် ရွတ်ဖတ်တတ်ရုံ၊ အဓိပ္ပာယ်သိရုံမျှမဟုတ်ဘဲ ကိုယ်တိုင်လိုက်နာကျင့်သုံးခြင်းဖြင့် ကောင်းကျိုးချမ်းသာရရှိနိုင်သည့်တရားပင်ဖြစ်သည်။ မင်္ဂလာလမ်းမ လျှောက်လှမ်းသွားတဲ့ ပုဂ္ဂိုလ်ဟာ လမ်းဆုံးရောက်တာနဲ့ ဒီမှတ်တိုင်ရောက်ရှိမှာဖြစ်ပါတယ် ရောက်သွားလို့ရှိရင် သဗ္ဗတ္ထ မပရာဇိတာ - ဘယ်တော့မှ ကိုယ်က ရှုံးတယ်ဆိုတာမရှိဘူး။ သဗ္ဗတ္ထ သောတ္ထိံဂစ္ဆန္တိ- အရာရာ ခပ်သိမ်း ပြီးပြည့်စုံအောင်နိုင်ခြင်း ရရှိနိုင်တယ်လို့ မြတ်စွာဘုရားက မင်္ဂလသုတ်မှာ ဒီလိုဟောထားတာဖြစ်တယ်ဟူ၍ မင်္ဂလသုတ် အနှစ်ချုပ် တရားတော်တွင် ပါမောက္ခချုပ်ဆရာတော်ကြီးက ဟောကြားထားသည်။

ထို့အပြင် လူသားတိုင်း တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကာ တစ်ဦးကိုတစ်ဦး အမှီပြု၍ နေထိုင်ကြရသည်။ ထိုသို့ လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် အပြောအဆို၊ အပြုအမူ၊ အဆက်အဆံတို့သည် အဓိကကျလှပေသည်။ တစ်ဦးကို တစ်ဦး နားလည်၍ ပြေလည်စွာ ဆက်ဆံမှသာ လူ့ဘောင်လောကကြီးလည်း ငြိမ်းချမ်းသာယာနိုင်မည်ဖြစ်သည်။ ဗုဒ္ဓဘုရားသည် လူမှုဆက်ဆံရေး နည်းလမ်းကောင်းများကို ဟောကြားတော်မူခဲ့သည်။ ထိုတရားမှာ မင်္ဂလာတရားဖြစ်သည်။

လောကတွင် လူတော်တော်များများသည် လူမှုဆက်ဆံရေးကို အလွယ်ကူဆုံးဟူ၍ ထင်မြင်ကြသည်။ လူတချို့ကလည်း ထမင်းစားရေသောက်သလို ပြောဆိုဆက်ဆံနေကြသည်။ သို့သော် လူအများစုသည် မိမိကို သူတစ်ပါးက ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံမှသာ သိကြသည်။ မိမိကိုတော့ အကောင်းမြင် အကောင်းပြောစေချင်သော်လည်း မိမိကမူ သူတစ်ပါးကို ရိုင်းစိုင်းစွာ အပြုအမူများ၊ စကားများကို အလွယ်တကူ ထမင်းစားရေသောက် နေ့စဉ်ပြောဆိုနေကြသည်။ ယဉ်ကျေးစွာ ပြုမူပြောဆိုရမှာကို ဝန်လေးနေကြသည်။ ထို့ကြောင့် လူကြီးသူမတို့က ကလေးငယ်များကို ငယ်စဉ်ကတည်းက စနစ်တကျဖြင့် လူ့လောကတွင် လူအများနည်းတူ အောင်မြင်စွာ နေထိုင်ပြောဆိုတတ်စေရန်နှင့် မှတ်ဖွယ်မှတ်ရာ အသိအလိမ္မာတို့ကို လက်ခံရယူ လိုက်နာကျင့်သုံးတတ်စေရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သော လူမှုဆက်ဆံရေးကို မင်္ဂလာတရားတော်နှင့်အညီ လေ့ကျင့်သင်ကြားပေးနေကြသည်။

ယနေ့ခေတ်လူငယ်လူရွယ်များအနေဖြင့် ယဉ်ကျေးလိမ္မာခြင်းနှင့်အတူ လူ့အဖွဲ့အစည်းများ၏အကျိုးကိုဆောင်ရွက်ကာ တက်လှမ်းရမည်ဖြစ်သည်။

မင်္ဂလာတရားတော်နှင့်အညီ မှတ်ဖွယ်မှတ်ရာ အသိအလိမ္မာတို့ကို လက်ခံရယူ လိုက်နာကျင့်သုံးကြခြင်းဖြင့် ဘဝတစ်သက်တာအတွက် ကောင်းကျိုးချမ်းသာများ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ ၁နှစ်ခွဲလအထိ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ၅နှစ်အထိ ကလေးများအား ဗီတာမင်ဆေးတိုက်ကျွေးခြင်းအခမ်းအနား ကျင်းပပြုလုပ်



**မန္တလေး ဩဂုတ် ၁၃**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ ၁နှစ်ခွဲလအထိ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ၅နှစ်အထိ ကလေးများအား ဗီတာမင်ဆေးတိုက်ကျွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ ၅နှစ်အထိ ကလေးငယ်များနှင့် မိသားစုဝင်များ၊ နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ တက်ရောက်ကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မန္တလေးတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ ၅နှစ်အထိ ကလေးငယ် ၄၁၀ ဦးတို့အား နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများနှင့် ဆေးမှူးများက ဝက်သက်၊ ဂျိုက်သိုး၊ (BCG)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးနှင့် ပိုလီယိုကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးကြသည်။ (ဓာတ်ပုံ)

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်စကားပြောကြားပြီး ကလေးငယ်များအတွက် အာဟာရဖြစ်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။**(ဝ၃၈)**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၁၃**



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ (ဃ-၅)၊ မြို့သစ်(၅) ရပ်ကွက်၊ ၆၉လမ်းနှင့် ၁၁၁လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၁၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတွင်လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်တောင်စုရပ်၊ မယ်ဇယ်တန်းအနီးတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက် သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများအား ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

၂၀၂၅ ခုနှစ် ဩဂုတ် ၁၃

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အား ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများအပါအဝင် အခြေခံအဆောက်အအုံများ သောင်းနှင့်ချီ၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ သာသနာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အစိုးရ စက်ရုံ/အလုပ်ရုံ၊ ရုံးအဆောက်အဦစသည့် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှုမှာ ငွေကျပ် ၄၇၇၉ ဘီလီယံကျော် ဖြစ်သည်။ လူနေအိမ်၊ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိက စာသင်ကျောင်းများ၊ ဆေးရုံ/ ဆေးခန်းများ၊ စိုက်ပျိုးသီးနှံများအစရှိသည့် ပုဂ္ဂလိကကဏ္ဍဆုံးရှုံးမှုမှာ ငွေကျပ် ဘီလီယံ ၃၂၀၀ ကျော် ဖြစ်သည့်အတွက် စုစုပေါင်းဆုံးရှုံးမှုမှာ မြန်မာကျပ်ငွေ ဘီလီယံ ၇၉၇၉ ကျော် အမေရိကန်ဒေါ်လာ သန်း၃၈၀၀ ခန့် ဖြစ်သည်။

## ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ ကဏ္ဍအလိုက်ပျက်စီးဆုံးရှုံးမှုအခြေအနေ

| စဉ် | ကဏ္ဍ | ပျက်စီးဆုံးရှုံးမှု(ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | လူမှုရေးကဏ္ဍ | | |
| | လူနေအိမ်/အဆောက်အဦ | ၂,၃၂၁,၄၉၄.၈၅၁ | ၂၉.၀၉၃ |
| | ပုဂ္ဂလိကယာဉ် | ၁၉,၀၁၇.၉၄၀ | ၀.၂၃၈ |
| | ပညာရေး | ၅၂၂,၄၆၂.၀၀၀ | ၆.၅၄၇ |
| | ကျန်းမာရေး | ၁၆၆,၆၆၆.၈၇၃ | ၂.၀၈၉ |
| | ဘာသာရေး | ၆၆၁,၄၀၁.၉၀၅ | ၈.၂၈၉ |
| | ယဉ်ကျေးမှု | ၅၀,၃၈၇.၅၀၈ | ၀.၆၃၁ |
| | **စုစုပေါင်း** | **၃,၇၄၁,၄၃၁.၀၇၇** | **၄၆.၈၈၇** |
| ၂ | ထုတ်လုပ်မှုကဏ္ဍ | | |
| | သီးနှံ | ၂၄၈.၈၇၅ | ၀.၀၀၃ |
| | တိရစ္ဆာန် | ၂,၁၃၃.၅၆၅ | ၀.၀၂၇ |
| | ဆည်မြောင်း၊ တာတမံ၊ ရေအရင်းအမြစ် | ၈၉,၃၄၄.၆၉၁ | ၁.၁၂၀ |
| | စက်ရုံ/အလုပ်ရုံ/လုပ်ငန်း | ၁၈၆,၆၃၉.၄၇၅ | ၂.၃၃၉ |
| | စီးပွားရေးလုပ်ငန်း | ၆၃၄,၄၀၀.၄၈၈ | ၇.၉၅၀ |
| | **စုစုပေါင်း** | ၉၁၂,၇၆၇.၀၉၄ | ၁၁.၄၃၉ |
| ၃ | အခြေခံအဆောက်အဦကဏ္ဍ | | |
| | လျှပ်စစ် | ၁၅၃,၉၀၂.၁၁၀ | ၁.၉၂၉ |
| | ပို့ဆောင်ရေး(လမ်း/တံတားရထားလမ်း) | ၂၅၇,၅၁၄.၅၉၆ | ၃.၂၂၇ |
| | ဆက်သွယ်ရေး | ၁၀,၁၅၁.၁၃၇ | ၀.၁၂၇ |
| | စွမ်းအင် | ၃၄၃.၂၇၀ | ၀.၀၀၅ |
| | စုစုပေါင်း | ၄၂၁,၉၁၁.၁၁၃ | ၅.၂၈၈ |
| ၄ | အစိုးရဌာနဆိုင်ရာ | | |
| | ရုံး၊ အဆောက်အဦ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာ | ၂,၉၀၃,၄၁၅.၆၇၂ | ၃၆.၃၈၆ |
| | **စုစုပေါင်း** | **၂,၉၀၃,၄၁၅.၆၇၂** | **၃၆.၃၈၆** |
| **စုစုပေါင်းပျက်စီးဆုံးရှုံးမှု** | | **၇,၉၇၉,၁၂၄.၉၅၆** | **၁၀၀.၀၀၀** |

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ပျက်စီးဆုံးရှုံးမှုတွင် မန္တလေးတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်က ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးက တတိယအများဆုံး ဖြစ်သည်။ ကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုတွင် အစိုးရရုံး၊ အဆောက်အဦ၊ ရုံးအသုံးအဆောင်နှင့် ဝန်ထမ်းအိမ်ရာများပျက်စီးမှုက အများဆုံးဖြစ်၍ လူနေအိမ်/ အဆောက်အဦများ ပျက်စီးမှုက ဒုတိယအများဆုံး၊ ဘာသာရေးအဆောက်အဦများ ပျက်စီးမှုက တတိယအများဆုံး ဖြစ်သည်။

ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ ငလျင်ဘေး စတင်ဖြစ်ပွားသည်မှ ၁၁-၈-၂၀၂၅ ရက်အထိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုအတွက် ကျပ်ငွေ ၄၂ ဒသမ ၀၉၄ ဘီလီယံကျော်၊ သေဆုံးသူများ၏ မိသားစုများအား ထောက်ပံ့မှုအတွက် ကျပ်ငွေ ၄ ဒသမ ၇၃၃ ဘီလီယံကျော်၊ ဒဏ်ရာရသူများအတွက် ကျပ်ငွေ သုည ဒသမ ၁၇၅ ဘီလီယံ၊ နေအိမ်များပြန်လည်တည်ဆောက်ရန်ကျပ်ငွေ ၁၆၀၅ ဒသမ ၅၇၁ ဘီလီယံကျော် စုစုပေါင်းကျပ်ငွေ ၁၆၅၂ ဒသမ ၅၇၃ ဘီလီယံကျော်ကို ထောက်ပံ့ထားရှိသည့်အပြင် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကျပ်ငွေ ၃၄၀ ဘီလီယံကျော်ကို သုံးစွဲပြီးဖြစ်သည်။ ပြည်တွင်း/ပြည်ပမှ လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ခွဲထောက်ပံ့ပြီး ဖြစ်သည်။

ငလျင်ကြောင့် ရုံးများ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးခဲ့ရာ ဝန်ထမ်းများ နေထိုင်နိုင်ရေးနှင့် ရုံးများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယာယီကွန်တိန်နာရုံး ၄၄၂ လုံး၊ ယာယီကွန်တိန်နာအိမ် ၉၀၄၈ လုံး ၊ ယာယီ Prefabricated စာသင်ကျောင်းဆောင် ၂၀ ကို ဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယာယီနေအိမ် ၂၉၇၂ ခန်း ဆောက်လုပ်ခဲ့ပြီး ၁၂၇ ခန်း ဆောက်လုပ်ဆဲဖြစ်ကာ ယာယီစာသင်ဆောင် ၅၇ ဆောင် ဆောက်လုပ်ခဲ့ပြီး ခုနစ်ဆောင် ဆောက်လုပ်ဆဲဖြစ်သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကျောင်းများအားလုံးကို ကျောင်းဖွင့်ချိန်တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးရုံ၊ ဆေးခန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။ လမ်းပျက်စီးမှု၏ ၉၄ ဒသမ ၄၃ ရာခိုင်နှုန်း၊ တံတားပျက်စီးမှု၏ ၃၈ ဒသမ ၈၃ ရာခိုင်နှုန်း၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက် ပျက်စီးမှု၏ ၉၆ ဒသမ ၃၉ ရာခိုင်နှုန်း ပြုပြင်ပြီးဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၇ ဒသမ ၁၉ ရာခိုင်နှုန်း ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုအနေဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက် အောင်မြင်စေရေးအတွက် ကဏ္ဍအလိုက်၊ အဖွဲ့အစည်းအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး / ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပျက်စီးဆုံးရှုံးမှု (ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | ၃,၅၀၇,၂၇၀.၅၁၂ | ၄၃.၉၅၃ |
| ၂ | ကယားပြည်နယ် | ၆၉.၂၉၂ | ၀.၀၀၁ |
| ၃ | ကရင်ပြည်နယ် | ၂,၂၄၉.၆၉၃ | ၀.၀၂၈ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၆၅,၉၅၅.၄၅၂ | ၇.၀၉၃ |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၃၈,၄၃၅.၂၉၇ | ၁.၇၃၅ |
| ၆ | မကွေးတိုင်းဒေသကြီး | ၅၉၁.၈၃၉ | ၀.၀၀၇ |
| ၇ | မန္တလေးတိုင်းဒေသကြီး | ၃,၆၃၁,၆၃၁.၆၉၆ | ၄၅.၅၁၂ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၈.၄၁၀ | ၀.၀၀၅ |
| ၉ | ရှမ်းပြည်နယ် | ၁၃၂,၉၃၅.၂၆၅ | ၁.၆၆၆ |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၇.၅၀၀ | ၀.၀၀၀ |
| | စုစုပေါင်း | **၇,၉၇၉,၁၂၄.၉၅၆** | **၁၀၀.၀၀၀** |

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဩဂုတ် ၁၃ ရက်အထိ သေဆုံးသူ ၃,၇၇၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅,၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၅ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၅၁ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Iori KATO အား လက်ခံတွေ့ဆုံ

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(International Organization for Migration-IOM)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Iori KATO အား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် IOM အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ အကူအညီပေးအပ်လျက်ရှိသည့် အခြေအနေများ၊ တိုင်းဒေသကြီးတွင် IOM မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများဆောင်ရွက်ရန် အခြေအနေများနှင့် လျောင်းသင့်ပြည်သူများကို အရေးပေါ်အကူအညီပေးအပ်ခဲ့သည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Daihei Mochizuki နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး)ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**မန္တလေး ဩဂုတ် ၁၃**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား၊ အမျိုးသမီး) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးရိုးရာခြင်းလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာခြင်းခတ်ပညာအားကစားကို မြှင့်တင်ထားတတ်စေရန်၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ရိုးရာခြင်းလုံးလက်ရွေးစင်အားကစားသမားများပေါ်ထွက်လာစေရန်နှင့် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းတတ်စေရန် စသည့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ပံ့ပိုးခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ်ခိုင်မာခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်းနှင့် တာဝန်ယူတတ်ခြင်းစသည့် အလေ့အကျင့်ကောင်းများရရှိလာမည်ဖြစ်သည့်အပြင် လက်လှမ်းမီပြီး လွယ်ကူစွာ ကစားနိုင်သည့် အားကစားနည်းလည်းဖြစ်ပါကြောင်း ပြောကြားပြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲအား စတင်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို လိုက်လံနှုတ်ဆက်အားပေး၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးပြီးနောက် ပွဲဦးထွက် မဟာအောင်မြေခရိုင်အသင်းမှ ယှဉ်ပြိုင်ခတ်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# မိုးနှမ်း(စမုံနက်)စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**သရက် ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ပိသလိမ်းကျေးရွာအုပ်စု၊ သဲဖြူကျေးရွာ၊ ကွင်းအမှတ်(၂၀၇Aခ)တွင် စိုက်ပျိုးထားသော မိုးနှမ်း(စမုံနက်) စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ သဲဖြူကျေးရွာ ကွင်းအမှတ်(၂၀၇Aခ)တွင် မိုးနှမ်း(စမုံနက်)စံပြကွက်အား အပင်သက်တမ်း(၃)လကြာ စိုက်ပျိုးခဲ့ပြီး တစ်ဧက ၁၇ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ခြင်းဖြစ်သည်။ သရက်မြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက်ဧက ၂၃၃၁၉ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

**(ဇော်ထက်-သရက်)**

**စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား။**



# World Youth Skills Day 2025 အထိမ်းအမှတ် ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲများနှင့် Innovation Project ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ







**မန္တလေး ဩဂုတ် ၁၃**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တွင် World Youth Skills Day 2025 အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲများနှင့် Innovation Project ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြိုင်ပွဲများကျင်းပပေးခြင်းအားဖြင့် အရည်အသွေးကောင်းမွန်သည့် TVET ပညာရေးဆောင်ရွက်ရန်အတွက် အထောက်အကူတစ်ခုဖြစ်ပါကြောင်း၊ အချိန်တိုအတွင်း သတ်မှတ်ကျွမ်းကျင်မှုများရရှိစေရန် လေ့ကျင့်ပြုလုပ်နိုင်သည့် နည်းလမ်းများ၊ ကျောင်းအချင်းချင်းနည်းပညာဆိုင်ရာများ၊ သင်ကြားမှုနည်းစနစ်များ၊ လုပ်ငန်းခွင်တွင် လိုအပ်သည့် ကျွမ်းကျင်မှုများကို ရရှိနိုင်ရန်အတွက် လေ့ကျင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ စသည်တို့ကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးဖလှယ်နိုင်ရုံသာမက လုပ်ငန်းခွင်လိုအပ်ချက်နှင့်ကိုက်ညီသည့် TVET ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် များစွာအခွင့်အလမ်းရရှိလာမည်ဖြစ်ပါကြောင်း၊ နည်းပညာကျွမ်းကျင်သော အတတ်ပညာရှင်များ၊ လုပ်ငန်းခွင်နှင့် ကိုက်ညီသော လက်တွေ့လုပ်ဆောင်နိုင်သူများ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကျွမ်းကျင်သူများဖြစ်အောင်၊ အရည်အသွေးများ တိုးတက်လာအောင် လေ့လာဆည်းပူးကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။




၎င်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဂုဏ်ပြုအမှာစကားနှင့် ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ပြောကြားပြီးနောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)ကျောင်းအုပ်ကြီးက ပြိုင်ပွဲနှင့်ပတ်သက်၍ လည်းကောင်း၊ ဆုရရှိသည့် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားပြီးနောက် တာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ပေးသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲခေါင်းစဉ်အလိုက် ဆုရရှိသူကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး ဆုရ Project များအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါပြိုင်ပွဲများကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက် အထိ ကျင်းပခဲ့ပြီး လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲ၌ ဘာသာရပ်(၆)ခုမှ ပြိုင်ပွဲဝင် ခေါင်းစဉ်(၆)မျိုးတွင် ကျောင်းသား၊ ကျောင်းသူ ၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ Innovation Project ပြိုင်ပွဲတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများက World Youth Skills Day 2025 အထိမ်းအမှတ်အဖြစ် ဘာသာရပ်ဆိုင်ရာ Innovation Project (၈)ခုနှင့် Grassroots Innovation Project (၈)ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ငယ်-ထုံးဘို တိုးဂိတ်သို့ ရောက်ရှိပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်ကြောရှုပ်ထွေးမှုများမဖြစ်ပေါ်စေရေး၊ ယာဉ်စစ်ဆေးခြင်းများ စနစ်တကျဖြစ်စေရေး၊ အမြင်တင့်တယ်သန့်ရှင်းသာယာလှပရေး၊ လမ်းမကြီးပေါ်တွင် ရေဝပ်ရေတင်ခြင်းများ မရှိစေရန် ရေနုတ်မြောင်းစနစ်များ ကောင်းမွန်စေရေးတို့အတွက် လုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀



## ရေသန့်စင်ကန်တွင် သဲလဲလှယ်ခြင်းဆောင်ရွက်

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်း (၄)ခု၊ ခန့်မှန်းကုန်ကျငွေ ၃၃ ဒသမ ၈၉၃ သန်းအနက် ရေသန့်စင်ကန်တွင် သဲလဲလှယ်ခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေ ၁၆ ဒသမ ၀၈ သန်းဖြင့် ၁၃-၈-၂၀၂၅ ရက်တွင် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဒေါ်ယွန်းဝေအောင်(ငယ်/ယာ-၂)က လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ကဆ)**



# ဘဝအောင်မြင်ရေးအတွက် သင်ခန်းစာများ

လူတိုင်းသည် မိမိ၏ဘဝတွင် အောင်မြင်ချင်ကြသည်။ အောင်မြင်သောဘဝကို ထူထောင်ရန်မခက်ခဲပါ။ အခြားသူများဘဝတွင် အောင်မြင်စေရန် ဆောင်ရွက်သွားသော သင်ခန်းစာများ(အတုယူဖွယ်ရာများ)ကို တိတိကျကျ လိုက်နာဆောင်ရွက်လျှင် မိမိဘဝသည်လည်း အောင်မြင်မှာ သေချာပါသည်။ ဤရေရာသေချာသောနည်းများကို ပေးပါမည်။ ထိုနည်းများကား ပျူစောထီးမင်း၏ ဘဝအောင်မြင်ရေး သင်ခန်းစာများပင် ဖြစ်သည်။

မင်းကြီးသည် ငယ်ရွယ်စဉ်မှ သက်တော်(၁၁၀) ဘဝကုန်ဆုံးသည့်တိုင် အောင်မြင်မှုသရဖူဆောင်းသွားသူ ဖြစ်ပါသည်။ ဤသည်တို့ကို စေ့ငုကြည့်ကြပါစို့။

**၁။ လိမ္မာသော သားရတနာဖြစ်ခြင်း**

ပျူစောထီးမင်းသည် တကောင်းနန်းရိုး ဘုရင်သတိုးအာဒိစ္စရာဇာနှင့် မိဖုရားတို့မှ ဖွားမြင်တော်မူသော သားတော်ဖြစ်သည်။ မင်းသားခုနစ်နှစ်သားတွင် ဖခမည်းတော်မှ လေးအတတ်အားအလုံးစုံတတ်မြောက်သော ဆရာရသေ့ထံတွင် အပ်နှံပြီး သင်ယူစေသည်။ ဆရာရသေ့သည် လူငယ်အား မိမိကျွမ်းကျင်သော လောကီဗေဒင်ကျမ်းတို့နှင့် လေ့လာဆန်းစစ်သောအခါ မလွဲမသွေ အကြေအရပ်၌ မင်းဖြစ်မည်ဟု ဟောတော်မူပြီး မင်းလောင်းမင်းလျာတို့ တတ်အပ်သော အဋ္ဌာရသအတတ်အမျိုးမျိုးတို့ကိုပါ အပြီးတိုင်တတ်အောင် သင်ကြားပေးသည်။ "မင်းထီး"ဟူသော အမည်ကိုလည်း မှည့်တော်မူသည်။ မင်းထီး(၁၆)နှစ်သားအထိ ဆရာရသေ့ထံမှ ပညာသင်ယူခဲ့သည်။ လေးအတတ်နှင့် အဋ္ဌာရသ ပညာနှစ်ရပ်အား ကျွမ်းကျင်နှံ့စပ်တတ်မြောက်ခဲ့သည်။ ဤအတတ်ပညာများအား မင်းထီးသည် လက်တွေ့ဘဝနယ်ပယ်တွင် အသုံးချပြီး ဘဝအောင်မြင်ခဲ့သည်။

လူ့ဘဝတွင် ငယ်စဉ်အခါ ပညာရှာရမည့်အလုပ်မှာ မလုပ်မဖြစ် လုပ်ရမည့်အလုပ် ဖြစ်သည်။ အောင်မြင်သောဘဝတစ်ခုတည်ထောင်မည်ဆိုပါလျှင် အတတ်ပညာတစ်ရပ် သို့မဟုတ် နှစ်ရပ်အား ကျွမ်းကျင်စွာ တတ်ရပါမည်။

ယနေ့ခေတ် လူငယ်အချို့သည် အတတ်ပညာတစ်စုံတစ်ရာမျှ မရှိဘဲ အလုပ်ခွင်ဝင်နေသဖြင့် ဘဝတွင် မအောင်မမြင်ဖြစ်နေကြောင်း တွေ့ရပေသည်။ မိဘများကလည်း မိမိတို့သားသမီးများအား အတတ်ပညာ တတ်ကျွမ်းအောင် သင်ယူစေရေး အားပေးရပါမည်။ သို့မှ ဘဝတည်ဆောက်ရာတွင် အောင်မြင်ပါမည်။ သို့ဖြစ်၍ အတတ်ပညာပြည့်ဝမှ အလုပ်ခွင်ဝင်ပါဟု ပြောပါရစေ။

ဒုတိယ မင်းထီးတွင်တွေ့ရသော အရည်အချင်းတစ်ရပ်မှာ သတ္တိရှိစွာဖြင့် စွန့်စားလုပ်ကိုင်ခြင်းဖြစ်သည်။ မင်းထီးတစ်ဆယ့်ခြောက်နှစ်ရှိသောအခါ ဖခမည်းတော်၊ မယ်တော်တို့အား ပုဂံသွားလိုကြောင်း ခွင့်တောင်းခဲ့သည်။ မိဘနှစ်ပါးကလည်း ခွင့်ပြုသဖြင့် မင်းထီးသည် ဖခမည်းတော်ပေးသော သိကြားမင်းဆက်သည့် လေးအားယူပြီး ပုဂံပြည်သို့ သွားခဲ့သည်။

ဤသည်ကား မင်းထီး၏သတ္တိနှင့် စွန့်လွှတ်စွန့်စားမှုပင် ဖြစ်သည်။ ဘဝဟူသည် ရုန်းကန်ရခြင်းဖြစ်သည်ဟု အနောက်တိုင်းပညာရှင်များက ပြောခဲ့သည်။ မင်းထီးသည် မိမိဘဝအောင်မြင်စေရန် မိခင်၊ ဖခင်တို့ထံ ဦးကပ်မနေဘဲ သတ္တိရှိစွာဖြင့် စွန့်စားပြီး ပုဂံသို့သွားခဲ့သည်။

ဤသည်လည်း နှောင်းခေတ်လူငယ်တို့ အတုယူဖွယ် သင်ခန်းစာဖြစ်သည်။ ဘဝတွင် သတ္တိကြောင်လျှင်၊ မစွန့်လွှတ် မစွန့်စားလျှင် မအောင်မြင်နိုင်ပါ။ မင်းထီးအောင်မြင်ရခြင်းသည် သတ္တိရှိခြင်းနှင့် စွန့်လွှတ်စွန့်စားခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရပေသည်။

ကျေးဇူးသိတတ်ခြင်းနှင့် ကျေးဇူးဆပ်တတ်ခြင်းသည် မင်းထီး၏ အထူးအတုယူဖွယ်အရည်အချင်းဖြစ်သည်ကို တတိယ တွေ့ရသည်။

ဤအရည်အချင်းကို လူတိုင်းမပိုင်ဆိုင်ကြပါ။ ဤအရည်အချင်းမရှိကြသဖြင့် တိုးတက်သင့်သမျှ မတိုးတက်၊ ကြီးပွားချမ်းသာသင့်သမျှ မကြီးပွားသည်လည်း တွေ့ရပါသည်။ ကျေးဇူးဆပ်ခြင်းသည် ဤမျှအရေးကြီးသည်။

မင်းထီး ပုဂံပြည်ရောက်သောအခါ ပျူအိုလင်မယားထံတွင် ခိုလှုံနေခဲ့သည်။ သားအရင်းသဖွယ် ချစ်မြတ်နိုးစွာ ပြုစုကျွေးမွေးခဲ့သည်။ မင်းထီးသည် မိမိ၏လေးဖြင့် ပုဂံပြည်သူတို့အား ဒုက္ခအကြီးအကျယ်ပေးနေသော ဝက်ကြီး၊ ငှက်ကြီး၊ ကျားကြီးနှင့် ရှူးပျံကြီးတို့အား နှိမ်နင်းအောင်မြင်ခဲ့သည်။ ထိုအခါ ပြည့်ရှင်မင်းသမုဒ္ဒရာဇ်က မင်းထီးအား သမီးတော်နှင့် ဆောင်နှင်းပြီး အိမ်ရှေ့အရာထားတော်မူသည်။ ထိုအခါ မင်းထီးသည် မိမိအား ပြုစုကျွေးမွေးသည့် ပျူအိုလင်မယားအား ကျေးဇူးဆပ်သည့်အနေဖြင့် "ပျူမင်းထီး"ဘွဲ့ဖြင့် အိမ်ရှေ့အရာ ယူခဲ့သည်။ ထိုစဉ်က ပျူမင်းထီးသည် တစ်ဆယ့်ခြောက်နှစ်သားပင် ရှိသေးသည်။ ဤမျှကျေးဇူးသိတတ် ကျေးဇူးဆပ်တတ်ကြောင်း တွေ့ရပေသည်။

အခြားကျေးဇူးဆပ်ခြင်းတစ်ရပ်မှာ ပျူမင်းထီးသည် ပျူစောထီးအမည်ဖြင့် ဘုရင်ဖြစ်ပြီးနောက် မလည်အရပ်(တကောင်းမြို့၏တောင်ဘက်)ရှိ မယ်တော်မြတ်အား ပင့်ခဲ့သည်။ မယ်တော်ဘုရားပုဂံရောက်သောအခါတွင် ရွှေစည်းခုံအရပ်၌ မင်းကြီးကိုယ်တော်တိုင် ဖူးမြင်တွေ့ဆုံပွဲကြီးအား ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့သည်။ မွေးမိခင်အားလည်း ဤမျှကျေးဇူးဆပ်ခဲ့သည်။

ဆရာရှင်ရသေ့အား မိမိစိုးစံရမည့် ဘုရင့်အရိုက်အရာအား လွှဲအပ်ပေးခြင်းသည် အထူးခြားဆုံး ကျေးဇူးဆပ်ခြင်း ဖြစ်သည်။ အိမ်ရှေ့စံအဖြစ် သုံးနှစ်ကြာသောအခါ ဘုရင်သမုဒ္ဒရာဇ်သည် အနိစ္စရောက်ခဲ့သည်။ ထိုအခါ ပျူမင်းထီး ထီးနန်းဆက်ခံရပါမည်။ သို့သော် မိမိစည်းစိမ်တော်မယူဘဲ ဆရာရှင်ရသေ့အား လူဝတ်လဲစေပြီး ဘုရင်အဖြစ် တင်မြှောက်ခဲ့သည်။ မိမိကမူ အိမ်ရှေ့စံအဖြစ်သာ နေခဲ့သည်။ ဆရာရှင်ရသေ့မင်းအဖြစ် (၁၅)နှစ်ကြာ စိုးစံခဲ့သည်။ ဆရာရှင်ရသေ့ အနိစ္စရောက်မှ ပျူမင်းထီးသည် "ပျူစောထီး" ဘွဲ့တော်ဖြင့် စည်းစိမ်တော်စံစားသည်။

ဤမျှကျေးဇူးဆပ်ခွင့်ရရှိခြင်းသည် မြန်မာရာဇဝင်တွင် ပျူစောထီးမင်းကြီးတစ်ပါးသာ ရှိတော်မူသည်။

ဖော်ပြပါအကြောင်းအချက်များအရ ပျူစောထီးသည် လိမ္မာသော သားရတနာဟု တင်စားရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် မိမိတို့၏ဘဝတွင် အောင်မြင်လိုပါလျှင် ကျေးဇူးရှင် မိဘနှစ်ပါး၊ ဆရာသခင်များ၊ ကျေးဇူးရှင်များ၊ ကျေးဇူးတင်ထိုက်သူများအား မပျက်မကွက် ကျေးဇူးဆပ်ကြပါကုန်ဟု နှိုးဆော်အပ်ပေသည်။ အတတ်ပညာလည်း ကျွမ်းကျင်အောင်တတ်ကျွမ်းပြီးမှ အလုပ်ခွင်ဝင်ပါ။ သတ္တိနှင့် စွန့်စားမှုတို့အား ပိုင်ဆိုင်အောင် မွေးမြူမှ ဘဝဟူသည် အောင်မြင်မည်ဆိုသည်ကိုလည်း မမေ့ပါနှင့်ဟု ပြောပါရစေ။

**၂။ နိုင်ငံသားကောင်းပီသခြင်း**

မင်းထီးသည် နိုင်ငံသားကောင်းတစ်ယောက်ဖြစ်သည်ကို အောက်ပါဖြစ်စဉ်ကြီးက သက်သေပြနေသည်။ ပုဂံရောက်၍ ပျူအိုလင်မယားထံ ခိုလှုံနေခဲ့သည်ကို ဖော်ပြပြီးဖြစ်သည်။ တစ်နေ့တွင် မိမိလေးအား စမ်းလိုသဖြင့် တောသို့သွားခွင့်ပြုရန် ပျူအိုလင်မယားထံ ခွင့်တောင်းခဲ့သည်။ ထိုအခါ ပျူအိုလင်မယားက စိုးရိမ်စိတ်ဖြင့် ပုဂံပြည်၏အခြေအနေအား ရှင်းပြခဲ့သည်။

အခြေအနေအကျဉ်းမှာ ဤပုဂံပြည်ဝယ် ဝက်ကြီး၊ ငှက်ကြီး၊ ကျားကြီးနှင့် ရှူးပျံကြီးတို့သည် အရံငါးရာစီဖြင့် မင်းနှင့်ပြည်သူတို့အား ကြီးစွာဒုက္ခပေးနေသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ကြောင်း ဤသတင်းစကားကြားရသောအခါ မင်းထီးသည် ကြောက်ရွံ့ထိတ်လန့်မှု လုံးဝမရှိဘဲ မိမိ၏လေးဖြင့် ဖြို့ခွင်းလျှင် ဤရန်သူကြီးများ လုံးဝချုပ်ငြိမ်းသွားမည်ဟု ယုံကြည်ခဲ့သည်။ ထို့နောက် တောသို့သွားကာ ရန်သူကြီးများအား ရှင်းလင်းချေမှုန်းခဲ့သည်။ မင်းထီး အောင်ပန်းဆင်နိုင်ခဲ့သည်။

ဤဖြစ်ရပ်ကြီးတွင် မင်းထီးအား ဘုရင်ကလည်း တာဝန်မပေးပါ။ မင်းထီး၏ပြည်သူတို့ ခံစားနေရသော ဒုက္ခဘေးမှ ကင်းဝေးစေလိုကာ စိတ်ဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်သည်။ "နိုင်ငံတော်ကာကွယ်ဖို့ နိုင်ငံသားများတာဝန်"ဖြစ်သည်ဟု ခံယူသောစိတ်ဓာတ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

သို့ဖြင့် ပုဂံပြည့်ရှင်မင်းနှင့် ပြည်သူများ ရန်အပေါင်းမှကင်းဝေးကာ ငြိမ်းချမ်းသာယာစွာ နေခွင့်ရခဲ့သည်။ ဘုရင်မင်းမြတ်ကလည်း မင်းထီးထံကြွလာကာ မိမိ၏သမီးတော်နှင့် ဆောင်နှင်းကာ အိမ်ရှေ့အရာ ထားတော်မူသည်။ သတ္တိပြောင်သူတို့ရသည့် ဆုလာဘ်ကား ဤသို့တည်း။

မင်းထီး၏ဖော်ပြပါစိတ်ဓာတ်နှင့် လုပ်ရပ်အား ယနေ့မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ အတုယူကြရပါမည်။

မြို့ရွာများအတွင်း သူခိုးဓားပြ လုယက်သူများမှအစ တိုင်းဖျက်ပြည်ဖျက်လုပ်ရပ်များအား ပြည်သူများအနေဖြင့် "တို့နှင့်မဆိုင်၊ လုံခြုံရေးအဖွဲ့များက ရှင်းလင်းလိမ့်မယ်"ဟု ခံယူမနေအပ်ပေ။ "တို့အားလုံးနှင့် ဆိုင်တယ်။ တို့လည်း ဝိုင်းလုပ်ကြရမယ်"ဟူသော စိတ်မွေးကြရပါမည်။ ဤစိတ်ဓာတ်မွေးပြီး သတင်းပေးခြင်း၊ လုံခြုံရေးသတိအစဉ်ရှိခြင်း၊ သူခိုးဓားပြ၊ လုယက်သူနှင့် အဖျက်သမားများအား မကူညီခြင်း၊ မိမိတစ်ကိုယ်ရေလုံခြုံရေး၊ အိမ်နှင့်လုပ်ငန်းခွင်လုံခြုံရေးအား အထူးအလေးအနက်ထား ဆောင်ရွက်ခြင်း၊ အဖျက်သမားအား ဝိုင်းဝန်းချေမှုန်းခြင်း ပြုကြရပါမည်။ သို့မှ ဒုက္ခဘေးကင်းဝေးပါမည်။ ဤတွင် မည်သူ၏တိုက်တွန်းမှုမှ စောင့်ဆိုင်းမနေအပ်ပါ။ မိမိ၏အသိစိတ်ဖြင့် ဆောင်ရွက်ရပါမည်။ ပျူစောထီး၏ စိတ်ဓာတ်နှင့် လုပ်ရပ်အား အတုယူဆောင်ရွက်ကြရပါမည်။

သို့ဖြင့် မိမိတို့ မြို့ရွာ၊ နိုင်ငံသည် ဘေးရန်ကင်းကာ ငြိမ်းချမ်းသာယာစွာ နေထိုင်လုပ်ကိုင်နိုင်ကြပါမည်။

**၃။ ရတနာမိုး သုံးကြိမ်ရွာပြီး ပြည်သူတို့ ကြွယ်ဝစေခြင်း**

ပျူစောထီးမင်းကြီးသည် ပြည်သူတို့အား မိမိရင်ဝယ်သားတမျှ ချစ်မြတ်နိုးတော်မူသည်။ ပြည်သူတို့ ချမ်းသာကြွယ်ဝစေလိုသည်။ ထို့ကြောင့် မင်းတရားကြီးလက်ထက်တွင် ရတနာမိုး သုံးကြိမ်ရွာခဲ့သည်။ ပြည်သူတို့ ရွှေ၊ ငွေ၊ ရတနာဥစ္စာများ ရရှိစေသည်။ ဤလုပ်ရပ်သည်လည်း ကျွန်တော်တို့ အတုယူရပါမည်။ လှူဒါန်းပေးကမ်းခြင်းသည် မြတ်ဗုဒ္ဓ၏တရားတော်နှင့်လည်း ကိုက်ညီပါသည်။

မြတ်ဗုဒ္ဓက "မိမိရရှိပြီး စည်းစိမ်ဥစ္စာကို ငါးပုံပုံ၍ စားဖို့က တစ်ပုံ၊ ထားဖို့က တစ်ပုံ၊ ရင်းနှီးဖို့က နှစ်ပုံ၊ လှူဒါန်းဖို့က တစ်ပုံထား၍ သုံးဆောင်တတ်ခြင်းသည် ကောင်းခြင်းမင်္ဂလာမည်၏"ဟု ဟောကြားခဲ့သည်။

မြတ်ဘုရား၏ တရားနှင့်အညီ ပျူစောထီးမင်းကြီးသည် ကျင့်တော်မူသည်။ အချို့က ပေးကမ်းစွန့်ကြဲရန် မေ့လျော့နေကြသည်။ အမှန်တကယ် လက်တွေ့ဘဝတွင် မိမိဘဝဆုံးသွားသောအခါ မိမိသည် လက်ဗလာဖြင့်သာ သွားကြရပါသည်။

ထို့ကြောင့် မိမိရှင်သန်ဆဲကာလတွင် မြတ်ဘုရား၏တရားတော်နှင့်အညီ လှူဒါန်းပေးကမ်းရပါမည်။ ထောက်ပံ့သင့်သော ဆွေမျိုးများအား ထောက်ပံ့ရပါမည်။ မိဘဆရာနှင့် ကျေးဇူးရှင်တို့အား လှူဒါန်းပေးကမ်းရပါမည်။ အကူအညီလိုနေသူများ၊ ဒုက္ခရောက်နေသူများအား လှူဒါန်းပေးကမ်းရပါမည်။ နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်သော်လည်း နှမ်းများ များပြားလာလျှင် ဆီဖြစ်ပါသည်။ ပေးကမ်းလှူဒါန်းခြင်းသည် အကျိုးထူးပေးပါသည်။

ယနေ့ကာလတွင် တိုင်းပြည်၌ ငလျင်ဘေး၊ ရေဘေး၊ အဖျက်သမားဘေးများ ခံစားရသူများရှိပါသည်။ တစ်အိမ်ထောင်ငွေကျပ်တစ်သောင်းလှူဒါန်းလျှင်ပင် မြန်မာနိုင်ငံ၌ အိမ်ထောင်ပေါင်းသန်းချီပြီးရှိရာ ကြီးစွာသောလှူဒါန်းမှုကြီး ဖြစ်နိုင်ပါသည်။

ထို့ကြောင့် အခြေအနေအရ လိုအပ်လာချိန်တွင် ပျူစောထီးမင်း၏ စိတ်ဓာတ်နှင့်လုပ်ရပ်အား အတုယူဖွယ်သင်ခန်းစာယူပြီး မေတ္တာစေတနာအပြည့်ဖြင့် စွမ်းသမျှ လှူဒါန်းပေးကမ်းကြပါကုန်ဟု နှိုးဆော်အပ်ပေသည်။

နိဂုံးချုပ်ရသော် ပျူစောထီးမင်းသည် အသက်(၁၆)နှစ်တွင် အတတ်ပညာကျွမ်းကျင်တတ်မြောက်ခဲ့သည်။ သတ္တိရှိစွာဖြင့် စွန့်လွှတ်စွန့်စားပြီး ဆောင်ရွက်သည်နှင့် အသက်တစ် (၁၆)နှစ်တွင်ပင် အိမ်ရှေ့မင်းဖြစ်ခဲ့သည်။ အိမ်ရှေ့စံဘဝဖြင့် (၁၈)နှစ် နေခဲ့သည်။ နန်းစံသက်စည်းစိမ်တော်(၇၅)နှစ်အထိ ရှိခဲ့သည်။ ဤမျှဘဝတွင် အထူးအောင်မြင်တော်မူခဲ့သည်။ မင်းတရားကြီး ပေးခဲ့သော အထက်ဖော်ပြပါ သင်ခန်းစာသုံးရပ်အား မိမိတို့၏ဘဝများတွင် ကျင့်သုံးကြခြင်းဖြင့် သေချာပေါက်အောင်မြင်ကြမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

**စာကိုး။ ။ မှန်နန်းမဟာရာဇဝင်တော်ကြီး(ပထမတွဲ)**

မြင်းခြံကျော်အောင်

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## မင်းသမီးကြီး Tang wei နှင့် ဝမ်ရိဘိုတို့၏ Intercross(Mermaid) ရုပ်ရှင် ထွက်ရှိလာ

ပရိသတ်ကြား ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဝမ်ရိဘိုနှင့်ပတ်သက်၍ ရေပန်းစားနေသောအကြောင်းမှာ မင်းသမီးကြီး တန်ဝိန်နှင့် Intercross (Mermaid) ရုပ်ရှင်ထွက်ရှိလာမည့်သတင်းဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

နာမည်ကြီးဒါရိုက်တာ ချောင်အာနှင့် ဒုတိယအကြိမ် ဝမ်ရိဘိုလက်တွဲထားသော အဆိုပါ ရုပ်ရှင်တွင် မင်းသမီးကြီး တန်ဝိန် ပါဝင်လာ၍ ပရိသတ်ကြား စိတ်ဝင်စားမှုမြင့်မားခဲ့သည်။




လက်ရှိ ဝမ်ရိဘိုသည် သဘာဝပတ်ဝန်းကျင်မှတ်တမ်းရုပ်ရှင်အပိုင်း(၂)အတွက် အမေရိကန်ခရီးစဉ်၌ ရေခဲတောင်တက်ခြင်းသာမက ရင်သပ်ရှုမောဖွယ်ရာ စိန်ခေါ်မှုအသစ်များနှင့် ပင်လယ်ကိုပါ အောင်နိုင်သူအဖြစ် Helly Hansen Zhengzhou Sales Representative က ချီးကျူးခြင်းခံထားရကာ အနုပညာနယ်ပယ်၊ အားကစားနယ်ပယ်တွင် အပြင်မှတ်တမ်းရုပ်ရှင်ဘုရင်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ (SKY)

## Black Pink အဖွဲ့ သုံးနှစ်ကြာမှ ဂီတဖျော်ဖြေပွဲ ပြန်လာ

ကမ္ဘာကျော် ဘလက်ပင့်ခ်အဖွဲ့၏ အဖွဲ့လိုက် ဂီတဖျော်ဖြေပွဲကို ပရိသတ်များ စောင့်မျှော်နေကြရာမှ သုံးနှစ်အကြာ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် သီချင်းသစ်များ ထုတ်ဝေမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘလက်ပင့်ခ်အဖွဲ့ ဝိုင်ဂျီအင်တာတိန်းမင့်နှင့် စာချုပ်သက်တမ်းတိုးပြီးနောက် ပထမဆုံးအကြိမ် Black Pink World Tower (Dead line) ဖျော်ဖြေပွဲကို ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့တွင် ပြုလုပ်၍ အဖွဲ့ဝင်လေးဦး၏စွမ်းရည်ပြသကြမည် ဖြစ်သည်။



ကေပေါ့ပ်စတားအဆင့်မှ ကမ္ဘာ့အဆင့်မီအထိ တက်ရောက်နိုင်ရန်အတွက် ကမ္ဘာလှည့်ဖျော်ဖြေပွဲများ ပြုလုပ်မည်ဖြစ်ရာ လော့စ်အိန်ဂျလိစ်၊ ချီကာဂို၊ တိုရန့်တို၊ နယူးယောက်ခ်၊ ပြင်သစ်၊ တိုကျို အပါအဝင် ကမ္ဘာတစ်ဝန်း ပရိသတ်များထံ သွားရောက်မည်ဖြစ်ပြီး ကမ္ဘာ့ပရိသတ်ရင်ထဲရောက်ရှိရန် ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

(SKY)

## Tom Cruise ဘဝခရီး လူငယ်များအတွက် စံပြဖြစ်ခဲ့


ဟောလီဝုဒ်အနုပညာရှင် တွမ်ခရုစ် ဖြတ်သန်းခဲ့ရသော ဘဝခရီးသည် လူငယ်များအတွက် အတုယူဖွယ်စံပြဖြစ်ခဲ့ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထူးခြားပြောင်မြောက်သော ကြယ်တစ်ပွင့်ဖြစ်သည့် တွမ်ခရုစ်၏အမည်ရင်းမှာ သောမတ်စ်ခရုမာပိုသာဖိုးဖြစ်ပြီး နယူးယောက်ခ်ပြည်နယ်ဆိုင်ရာ ဆူးစ်မြို့တွင် ၁၉၆၂ခုနှစ်၊ ဇူလိုင် ၃ရက်၌ သာမန်မိသားစုမှ မွေးဖွား၍ မြို့အနှံ့ လှည့်ရင်း ဘဝအတွေ့အကြုံများစွာ ရရှိခဲ့သည်။

ငယ်ဘဝအိပ်မက်မှာ နပန်းအားကစားကို ဝါသနာပါ၍ ကြိုးစားခဲ့သော်လည်း ဒဏ်ရာကြောင့် စွန့်လွှတ်ခဲ့ရကာ စာဖတ်ခက်ခဲသော ရောဂါနှင့် အထက်တန်းအဆင့်တွင် ပြဇာတ်များ၌ ပါဝင်ပြီး သရုပ်ဆောင်စိတ်ထက်သန်လာ၍ Endless နှင့် ပွဲဦးထွက်ခဲ့ပြီး ဆယ်ကျော်သက်ကြယ်တစ်ပွင့်ဖြစ်လာကာ Top Gun နှင့် မှတ်တိုင်စိုက်ထူ၍ အက်ရှင်အိုင်ကွန်ဖြစ်လာပြီးမှ အက်ရှင်၊ ဒရာမာ၊ ဟာသ စသည့် အမျိုးအစားဇာတ်ကားများစွာတွင် ပါဝင်ခဲ့သည်။

ခြေလှမ်းသစ်များအဖြစ် Mission: Impossible စီးရီးနှင့် စတန့်များအားလုံး ကိုယ်တိုင်သရုပ်ဆောင်ခဲ့ကာ နာမည်ကြီးမင်းသမီးနှင့် လက်ထပ်ခဲ့သော်လည်း အိမ်ထောင်မမြဲခဲ့ဘဲ စွန့်စားလိုစိတ်နှင့် စိန်ခေါ်မှုများ စဉ်ဆက်မပြတ် သင်ယူတိုးတက်ပြောင်းလဲနေခဲ့ကာ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် ဆယ်စုနှစ်များစွာတိုင် အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။

(SKY)





## သစ်ကြားသီးက အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်

ကမ္ဘာပေါ်တွင် အဖြစ်အများဆုံး ကင်ဆာများထဲမှ တစ်ခုဖြစ်သည့် အူမကြီးကင်ဆာဖြစ်ပွားနိုင်ခြေကို အစားအသောက်ပုံစံက များစွာလျှော့ချပေးနိုင်ကြောင်း သုတေသနများက ဖော်ပြနေသည်။

လေ့လာခဲ့သည့် အစားအစာများစွာထဲတွင် သစ်ကြားသီးသည် ၎င်း၏ထူးခြားသော အာဟာရဓာတ်များကြောင့် ထင်ရှားသည်။ တစ်နေ့လျှင် သစ်ကြားသီး ငါးလုံးခန့်စားသုံးခြင်းက အူမကြီးကင်ဆာကို ကာကွယ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

သုတေသီများ၏တွေ့ရှိချက်အရ သစ်ကြားသီးတစ်ခုလုံးသည် ၎င်း၏တစ်စိတ်တစ်ပိုင်း အာဟာရဖြည့်စွက်စာများ(သို့မဟုတ်)အဆီထုတ်ယူထားသည့်အရာများထက် ကင်ဆာကို ပိုမိုကာကွယ်နိုင်သည့် အကျိုးကျေးဇူးများကို ပေးနိုင်သည်ဟု ဆိုသည်။

သစ်ကြားသီးမှ အကျိုးအများဆုံးရရှိစေရန် ဆား၊ သကြား(သို့မဟုတ်) ပြင်းထန်သည့် ပြုပြင်ထုတ်လုပ်မှုများမပါဘဲ အစိမ်းလိုက်(သို့မဟုတ်) အနည်းငယ် လှော်ပြီး စားသုံးသင့်သည်။ ထိုသို့စားသုံးခြင်းအားဖြင့် သစ်ကြားသီးတွင် ပါရှိသည့် နူးညံ့သိမ်မွေ့သော အိုမီဂါ-၃ (Omega-3) ဖက်တီးအက်စစ်များနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကို မပျက်စီးစေရန် ထိန်းသိမ်းပေးကြောင်း သိရသည်။ (SCI)




## ရုပ်ရှင်ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည့် Warfare

အေတွမ်တီဖိုးမှ ရိုက်ကူးထားသည့် Warfare ရုပ်ရှင်မှာ ဖြစ်ရပ်မှန်ကို အခြေခံထားပြီး ၂၀၂၅ ခုနှစ်တွင် ထွက်ရှိထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအက်ရှင်ဇာတ်ကြမ်းကားကို ဒါရိုက်တာ အဲလက်စ်ဂါလန်နှင့်အတူတွဲဖက်၍ ဒါရိုက်တာရေးမန်ဒိုဇာက လက်စွမ်းပြထားသည်။

Navy SEALs ဟောင်းတစ်ဦး ကြုံတွေ့ခဲ့ရသည့် အချိန်မှ နောက်ဆုံးဖောက်ထွက်ချိန်အထိ ဆက်တိုက်ရိုက်ကူးထားကာ အမည်များလွှဲထားပြီး ရေးမန်ဒိုဇာနှင့် အီလီအုပ်မီလာသာ အမည်ရင်းဖြစ်ခဲ့သည်။

ယင်းပွဲတွင် ပါဝင်ခဲ့သူများကို အင်တာဗျူး၍ ဖြစ်ရပ်မှန်အကြောင်း တင်ပြထားရာ ၂၀၂၅ ခုနှစ်အတွင်း ပရိသတ်အကြိုက် အက်ရှင်ဇာတ်ကားဖြစ်ခဲ့သည်။

(SKY)

## G-Dragon ၏ Tesla Cybertruck ကားကို အီလွန်မတ်ခ်က စိတ်ဝင်စားနေ

ကမ္ဘာ့အချမ်းသာဆုံး Tesla ၏ စီအီးအို အီလွန်မတ်ခ်က Tesla Cybertruck ကားစီးသည့် ဂျီဒရယ်ဂွန်၏ ဗီဒီယိုကို RETWEET လုပ်ခဲ့၍ တစ်ကမ္ဘာလုံး၏အာရုံကို ဖမ်းစားခဲ့ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အီလွန်မတ်ခ်က X တွင် Teslaconomics က တင်ထားသည့် ဂျီဒရယ်ဂွန်၏ ဗီဒီယိုကို RETWEET လုပ်ခဲ့ပြီး 'ကိုရီးယားကေပေါ့ပ်ဘုရင်ဂျီဒရယ်ဂွန် Cybertruck စီးတဲ့အခါ ဘာဖြစ်တယ်ဆိုတာ စောင့်ကြည့်ရုံပါပဲ' ဟု စာရေးတင်ထားခဲ့သည်။

ဂျီဒရယ်ဂွန်က Grand Hyatt Seoul တွင် ပြုလုပ်ခဲ့သည့် Peace Minusone Premium Highball ဖွင့်ပွဲတွင် ဆိုက်ဘာထရပ်ကားကို စီးလာခဲ့ပြီး ဂျပ်စ်ပိစ်ဌာနအတွက် ဝမ်သန်း ၈၈၀ လှူဒါန်းသွားခဲ့သည်။

အဆိုပါကားကို ကိုရီးယားတစ်နိုင်ငံလုံး စိတ်ဝင်စားခဲ့ရာမှ အီလွန်မတ်ခ်နှင့် ဖက်ရှင်မော်ဒယ်လ်စာရေးဆရာ မေယီမတ်ခ်ကပါ စိတ်ဝင်စားခဲ့ခြင်းဖြစ်သည်။ (SKY)



# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့ အမေရိကန်-ရုရှား ထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ဆွေးနွေး

မော်စကို ဩဂုတ် ၁၃

ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ထိပ်သီးဆွေးနွေးပွဲမတိုင်မီ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တယ်လီဖုန်းပြောကြားခဲ့ကြောင်း သိရသည်။

အလက်စကာပြည်နယ်၌ ဩဂုတ် ၁၅ ရက်တွင် ပြုလုပ်မည့် ထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ပူတင်က ကင်ဂျုံအန်နှင့် ဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယား အစိုးရပိုင် မီဒီယာကလည်း အဆိုပါဖုန်းခေါ်ဆိုမှုနှင့်ပတ်သက်ပြီး သတင်းဖော်ပြခဲ့သည်။



အနာဂတ်တွင် ရုရှားအစိုးရ ဆောင်ရွက်မည့် ဆောင်ရွက်မှုအားလုံးကို အပြည့်အဝ ထောက်ခံမည်ဖြစ်ကြောင်း ကင်ဂျုံအန်၏ ပြောကြားချက်ကို ကိုးကား၍ မြောက်ကိုရီးယား အစိုးရပိုင် မီဒီယာက ပြောကြားသည်။

မြောက်ကိုရီးယားခေါင်းဆောင်၏ တယ်လီဖုန်းပြောဆိုမှုအပေါ် သတင်းဖော်ပြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ယွန်ဟပ်သတင်းဌာနက ပြောကြားခဲ့သည်။

ရုရှားနှင့်မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မီးမောင်းထိုးပြရန် ခေါင်းဆောင်နှစ်ဦး၏ ဖုန်းခေါ်ဆိုမှုကို ရှားရှားပါးပါး ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများကသုံးသပ်ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ထိပ်သီးဆွေးနွေးပွဲ မတိုင်မီ ရုရှားသမ္မတပူတင်က မော်စကိုနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိသည့် တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် တယ်လီဖုန်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## ရေနံစိမ်းဈေးနှုန်းများ ယခင်အပတ်က ကျဆင်းခဲ့ပြီးနောက် ယခုအပတ်အတွင်း၌ အပြောင်းအလဲမရှိသလောက်ဖြစ်နေ



**ဝါရှင်တန် ဩဂုတ် ၁၃** ရေနံစိမ်းဈေးနှုန်းများ ယခင်အပတ်က ကျဆင်းခဲ့ပြီးနောက် ဩဂုတ် ၁၃ ရက်တွင် အပြောင်းအလဲမရှိသလောက်ဖြစ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုသို့ဖြစ်ရခြင်းမှာ နွေရာသီကာလ ဝယ်လိုအား ကုန်ဆုံးတော့မည်ဟု ဖော်ပြနေသည့် အမေရိကန်ရေနံစိမ်းသိုလှောင်မှု မြင့်တက်လာသည်ကို စက်သုံးဆီလုပ်ငန်းဆိုင်ရာ အစီရင်ခံစာတစ်စောင်က ပြသသည်။

ယခင်အပတ်က ၀ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီးနောက် ယခုအပတ်တွင် ဘရန့်ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၃ ဆင့်တက်ကာ ၆၆ ဒသမ ၁၅ ဒေါ်လာသို့ ရောက်ရှိလာသည်။

ကမ္ဘာ့အကြီးဆုံး ရေနံသုံးစွဲသူဖြစ်သည့် အမေရိကန်တွင် ရေနံစိမ်းသိုလှောင်မှုသည် ပြီးခဲ့သည့်အပတ်က ၁ ဒသမ ၅၂ သန်းအထိ တိုးလာခဲ့ကြောင်း ဩဂုတ် ၁၂ ရက်က ထုတ်ပြန်သည့် အမေရိကန်ရေနံအဖွဲ့အစည်း၏ ကိန်းဂဏန်းများက ဖော်ပြကြောင်း သိရသည်။

Mon

## မြို့လယ်တွင် အန္တရာယ်ရှိသော မောင်းနှင်မှုများကို ထိန်းချုပ်ရန် လန်ဒန်မြို့တော်ရဲတပ်ဖွဲ့က အဖိုးတန် ဇိမ်ခံကားများကို သိမ်းဆည်း

**လန်ဒန် ဩဂုတ် ၁၃**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့လယ်တွင် အန္တရာယ်ရှိသော မောင်းနှင်မှုများကို ထိန်းချုပ်ရန် မြို့တော်ရဲတပ်ဖွဲ့က စတာလင်ပေါင် သန်းပေါင်းများစွာ တန်ဖိုးရှိသော ဇိမ်ခံကားများကို ယမန်နေ့က သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဟိုက်ပန်းခြံ၊ ကန်စင်တန်နှင့် ချယ်လ်ဆီးတို့တွင် သုံးရက်ကြာ ပြုလုပ်ခဲ့သည့် ခရမ်းရောင် လမ်ဘော်ဂီနီကားအမြွှာနှစ်စီးအပါအဝင် ပေါင် ၆ သန်းခန့် တန်ဖိုးရှိသော ကား ၇၂ စီးကို ရဲကသိမ်း ဆည်းခဲ့သည်။

ယာဉ်မောင်းသူများကို အာမခံမဲ့မောင်းနှင်မှု၊ ယာဉ်မောင်းလိုင်စင်မရှိမှု၊ ယာဉ်မောင်းခွင့်ပိတ်ပင်ခံထားရမှု၊ စာရွက်စာတမ်း အတုအယောင်များ အသုံးပြုမှုနှင့် လိမ်လည်ထားသော နံပါတ်ပြားများ အသုံးပြုမှုအပါအဝင် မော်တော်ယာဉ်ဆိုင်ရာ ပြစ်မှုအမျိုးမျိုးအတွက် လက်မှတ်များ ထုတ်ပေးခဲ့သည်။

ရဲအရာရှိများသည် ခိုးယူခံထားရသော ယာဉ်အများအပြားကိုလည်း ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး၊ ခန္ဓာကိုယ်ထိခိုက်နာကျင်စေမှုနှင့် ရာဇဝတ်မှုကျူးလွန်ကာ ပျက်စီးဆုံးရှုံးစေမှုများအတွက် အလိုရှိနေသူတစ်ဦးအပါအဝင် ရာဇဝတ်မှုအမျိုးမျိုးအတွက် လူ ၈ ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

Mon







## ဖိလစ်ပိုင်မှ ဆန်တင်သွင်းမှု နှစ်လရပ်ဆိုင်းမည့် အစီအစဉ်ကို ဗီယက်နမ်နိုင်ငံ စားသောက်ကုန်အသင်းက ကန့်ကွက်ဝေဖန်

**ဟနွိုင်း ဩဂုတ် ၁၃**

ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းမှု နှစ်လရပ်ဆိုင်းမည်ဆိုသော အစီအစဉ်ကို ကန့်ကွက်ရန်အတွက် ဗီယက်နမ်နိုင်ငံ စားသောက်ကုန်အသင်းက ကုန်သွယ်ရေးဝန်ကြီးဌာနကို တောင်းဆိုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၁ ရက်မှ စတင်၍ ရက်ပေါင်း ၆၀ ကြာ ဆန်တင်သွင်းမှုကို ရပ်ဆိုင်းမည်ဟု ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး ဆန်ဝယ်လက်ဖြစ်သော ဖိလစ်ပိုင်နိုင်ငံက ယခင်အပတ်အတွင်း အတည်ပြုခဲ့သည်။

ယင်းလုပ်ဆောင်မှုသည် ရိတ်သိမ်းချိန်အတွင်း ဈေးနှုန်းကျဆင်းမှုကြောင့် ထိခိုက်ခံစားရသော ဖိလစ်ပိုင်တောင်သူများကို ကာကွယ်ရန်အတွက်ဟုဆိုသည်။

"ဖိလစ်ပိုင်နိုင်ငံဟာ ဗီယက်နမ်ရဲ့ အကြီးဆုံးဆန်တင်ပို့တဲ့ ဈေးကွက်ဖြစ်ပြီး ဆန်တင်သွင်းမှု ရုတ်တရက် ရပ်ဆိုင်းလိုက်မယ်ဆိုရင် ဗီယက်နမ်နိုင်ငံရဲ့ ဆန်ထုတ်လုပ်မှုအပေါ် သိသိသာသာ သက်ရောက်မှုတွေ ရှိလာမှာဖြစ်ပါတယ်"ဟု အဆိုပါကိစ္စကို ကြားသိသော ဆန်ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဂရိတ်တာပင်လယ်အော်ဧရိယာ ယဉ်ကျေးမှုနှင့် အားကစားစင်တာ တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်၏ မြို့တော် ဂွမ်ကျိုးမြို့၌ ဖွင့်လှစ်ထား

**ပေကျင်း ဩဂုတ် ၁၃**

တရုတ်နိုင်ငံ ဂွမ်ဒေါင်းပြည်နယ်၏ မြို့တော်ဖြစ်သည့် ဂွမ်ကျိုးမြို့ရှိ ဂရိတ်တာပင်လယ်အော်ဧရိယာ ယဉ်ကျေးမှုနှင့် အားကစားစင်တာတွင် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတစ်ပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ ယင်းပြိုင်ပွဲသည် အဆိုပါအားကစားစင်တာအား ပထမဆုံးအကြိမ်အဖြစ် စတင်အသုံးပြုခြင်းဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မြို့၏ တောင်ဘက်အစွန်ဆုံးတွင်တည်ရှိသော အဆိုပါအားကစားစင်တာသည် ဂွမ်ဒေါင်း-ဟောင်ကောင်-မကာအိုဂရိတ်တာ ပင်လယ်အော် ဧရိယာ၏ အဓိကတည်ဆောက်ရေးစီမံကိန်းတစ်ရပ်ဖြစ်သည်။

တရုတ်နိုင်ငံ ဆောက်လုပ်ရေးတတိယအင်ဂျင်နီယာဌာနအုပ်စုနှင့် အခြားသောယူနစ်များသည် အဆိုပါအားကစားစင်တာကို ၂၀၂၃ ခုနှစ်က စတင်တည်ဆောက်ခဲ့သည်။

အဆိုပါ အားကစားစင်တာတွင် ပရိသတ် ၆၀၀၀၀ ဆံ့ အားကစားကွင်း၊ လူ ၂၀၀၀၀ ဆံ့ မိုးလုံလေလုံအားကစားရုံနှင့် ပရိသတ် ၄၀၀၀ ဆံ့ ၅၀ မီတာရှိသော ရေကူးကန်နှင့် ဒိုင်ဗင်ကန်များပါဝင်ကြောင်း သိရသည်။

Mon

## ပါကစ္စတန်နိုင်ငံတစ်ဝန်း နေရာ ၄၂ ခုရှိ မိလ္လာနမူနာများတွင် ပိုလီယိုပိုင်းရပ်စ် တွေ့ရှိ

အစ္စလာမ္မာဘတ် ဩဂုတ် ၁၃

ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား ၁ ကို ပါကစ္စတန်တစ်ဝန်းရှိ နေရာပေါင်း ၄၂ ခု မှ မိလ္လာနမူနာများတွင် တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနအာဏာပိုင်များက ဩဂုတ် ၁၂ ရက်တွင် ပြောသည်။ ဇူလိုင်လအတွင်း ခရိုင်ပေါင်း ၈၇ ခုမှ မိလ္လာနမူနာပေါင်း ၁၂၇ ခုကို စုဆောင်းကောက်ယူခဲ့ပြီး စစ်ဆေးမှုများပြုလုပ်ခဲ့သည်ဟု အစ္စလာမ္မာဘတ်ရှိ အမျိုးသားကျန်းမာရေးအင်စတီကျု၏ ပိုလီယိုပပျောက်ရေးအတွက် ဒေသတွင်းရည်ညွှန်းဓာတ်ခွဲခန်းမှ စမ်းသပ်မှုများအရ သိရသည်။ ၎င်းတို့ထဲမှ မိလ္လာနမူနာ ၇၅ ခုတွင် ပိုလီယိုဗိုင်းရပ်စ် မတွေ့ရှိရဘဲ ၄၂ ခုတွင် ပိုလီယိုဗိုင်းရပ်စ်တွေ့ရှိရပြီး ၁၀ ခုမှာ စစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



## မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(campaign)ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်းပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)

ဝ-ဝ-ဝ-ဝ-ဝ

## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**ပွင့်ဖြူ ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသတွင်း ရာသီဉတုဂေဟစနစ်များ ကောင်းမွန်စေရန်နှင့် ဒေသခံပြည်သူများအတွက် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသောလူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် ရည်ရွယ်၍ ဩဂုတ် ၁၂ ရက်က လက်ခုပ်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က မီးခိုးမြူငွေ့အန္တရာယ်နှင့် ပတ်သက်၍ ကြုံတွေ့ရမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ပွင့်ဖြူမြို့နယ် သမဝါယမဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးပပက သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက တက်ရောက်လာသည့် ကျေးရွာနေပြည်သူများကို မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေခြင်းနှင့် ကျေးရွာဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပွင့်ဖြူမြို့နယ်၊ လက်ခုပ်ကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက် ဆွေးနွေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်ထံမှ သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂၂ ဒသမ ဝ၇၄၇ တန်၊ သစ်မာ ၉ ဒသမ ၄၆၉ဝ တန်၊ အခြား ၃၅ ဒသမ ၁၄ဝ၆ တန်၊ စုစုပေါင်း ၆၆ ဒသမ ၆၈၄၃ တန်၊ ယာဉ်၊ ယန္တရားခြောက်စီး၊ တရားခံ ၂၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ရေပုန်းရပ်ကွက်၊ စပါးရွှေဝါလမ်းမကြီး ကိုယ်ပိုင်အထက်တန်းကျောင်းရှေ့၌ မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြိတ်မြို့နယ်၊ ကန်ကြီးရပ်ကွက်နေ ထွန်းထွန်းဝင်း(၃၂)နှစ် ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်အားလည်းကောင်း။ အလားတူ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား(၁)၌ အမှတ်(၇၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြဝတီဘက်မှ မဲဆောက်ဘက်သို့ မြဝတီမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ဇော်မင်းဌေး(ခ)ဖိုးချို(၃၃)နှစ် ဆိုသူ မောင်းနှင်လာသည့် TOYOTA ALPHARD မော်တော်ယာဉ်အားလည်းကောင်း ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း သိရှိရသဖြင့် ထွန်းထွန်းဝင်းနှင့် ဇော်မင်းဌေး(ခ) ဖိုးချို ဆိုသူတို့နှစ်ဦးအား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ခြောက်လက်မသံပိုက်လုံး ၄၅ လုံး အပါအဝင် ဆက်စပ်ပစ္စည်းအမျိုး ၂၀ ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းတစ်မျိုးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၌ တရားမဝင် စက်သုံးဆီ၊ ဒီဇယ်ဆီ ဂါလန် ၅၀၊ ဓာတ်ဆီ ၈၅ ဂါလန်ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ်အတွင်း၌ ဖမ်းဆီးရမိခဲ့သော မော်တော်ယာဉ်များတွင် တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၇ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း ၁၀၂ မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၂၆၈ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၈၀၈၅ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသား ပြည်သူ ၈၃ ဦးအား သွေးအမျိုးအစား စစ်ဆေးပေး၍ အမျိုးသားတစ်ဦးအား ငှက်ဖျားပိုး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၆ ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။


ထို့ပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ တောင်ရပ်ကွက် ဟော်တော်ဘုန်းကြီး ကျောင်းဝင်းအနီး လမ်းဘေး ဝဲ/ယာ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဩဂုတ် ၁၃

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဩဂုတ် ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။




ယနေ့ညမှ ၁၇-၈-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် နှစ်စဉ်ကျင်းပနေသည့် U12 Junior Soccer World Challenge 2025 ပြိုင်ပွဲသို့ မြန်မာယူ-၁၂ အသင်း သွားရောက်ယှဉ်ပြိုင်မည်

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် နှစ်စဉ်ကျင်းပနေသည့် U12 Junior Soccer World Challenge 2025 ပြိုင်ပွဲသို့ မြန်မာယူ-၁၂ အသင်း သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်များ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိစေရန် ၂၀၂၃ ခုနှစ်မှ စတင်ကာ အဆိုပါပြိုင်ပွဲအား သွားရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်ပြိုင်ပွဲသည် တတိယအကြိမ်မြောက် ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်သည်။



U12 Junior Soccer World Challenge 2025 ပြိုင်ပွဲတွင် ဥရောပ နာမည်ကျော်ကလပ် ဘာစီလိုနာ မှ ယူ-၁၂ အသင်းနှင့် ဖိတ်ခေါ်ခံရသော အသင်းများ၊ ဂျပန်အခြေစိုက်အသင်းများ အပါအဝင် အသင်းပေါင်း ၄၀ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စု ၈ ခု ခွဲထားပြီး တစ်အုပ်စုလျှင် အသင်း ၅ သင်း ပါဝင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းမှာ အုပ်စု(D)တွင် Vegalta Sendai, Tokyo Verdy Jr, Ekkono Method, Shonan Bellmare အသင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို ဩဂုတ် ၁၉ မှ ၂၁ အထိ ဂျပန်နိုင်ငံ ချီဘားရှိ ဖူကူဒါဒန်ရှီကွင်းတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၂ လူငယ်များအား ပြိုင်ပွဲကာလပြီးသည်နှင့် ဂျပန်နိုင်ငံ၏ အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ ဂျေလိဂ်ဘောလုံးပြိုင်ပွဲကြည့်ရှုခြင်းတို့အား စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်သည်။

မြန်မာယူ-၁၂ အသင်းကို ပြီးခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရွေးချယ်ထားသည့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)နှင့် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)မှ ကစားသမား ၁၈ ဦးဖြင့်ဖွဲ့စည်းထားပြီး အသင်းအုပ်ချုပ်သူအဖြစ် ဦးထွန်းအောင်ကျော်၊ အသင်းနည်းပြချုပ်အဖြစ် ဦးတင်မောင်ဝင်းတို့က ဆောင်ရွက်ကြမည် ဖြစ်သည်။

(NGB)

# အမရပူရခရိုင် ကျန်တန်းရပ်ကွက်တွင် ဝါယာရှော့ဖြစ်ကာ မီးလောင်ကျွမ်းမှု ဖြစ်ပွား

**မန္တလေး ဩဂုတ် ၁၃**

အမရပူရခရိုင်၊ ကျန်တန်းရပ်ကွက်၊ တိုးချဲ့(၂)ရပ်တွင် ယနေ့နံနက် ၉ နာရီခန့်က ထရံကာသွပ်မိုးအိမ်ရှိ မီးပလပ်ခုံ ရှော့ဖြစ်ကာ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ကျန်တန်းရပ်ကွက်၊ တိုးချဲ့ (၂) ရပ်ရှိ ယက္ကန်းလုပ်ငန်းလုပ်ကိုင်သည့် ထရံကာသွပ်မိုးနှစ်ထပ်အိမ်အလယ်တိုင်ရှိ ပလပ်ခုံရှော့ဖြစ်ကာ မီးစတင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် နေအိမ်ငါးလုံး ဆုံးရှုံးခဲ့ကြောင်းသိရသည်။

မီးလောင်ကျွမ်းသည့်နေရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၇၀ ဦးနှင့် ရေသယ်ယာဉ် ၅စီး၊ မီးသတ်ယာဉ် ၁၀စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးအားပေါ့ဆစွာ သုံးစွဲခဲ့သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



# နိုင်ငံတကာ အားကစား သတင်းများ

## ဟွိုင်လန်းအား ခေါ်ယူရန် စီးရီးအေကလပ်အသင်းများအပြိုင် စိတ်ဝင်စား



**လန်ဒန် ဩဂုတ် ၁၃**

စီးရီးအေကလပ်အသင်းများ ဖြစ်သည့် နာပိုလီ၊ အေစီမီလန်၊ အင်တာမီလန်၊ ဂျူဗင်တပ်၊ရိုးမား စသည့်အသင်းများသည် မန်ချက်စတာယူနိုက်တက်အသင်းတိုက်စစ်မှူး ဟွိုင်လန်းအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၅ ပွဲ ကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စီးရီးအေကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟွိုင်လန်းကိုယ်တိုင်ကလည်း လက်ရှိအချိန် မန်ချက်စတာယူနိုက်တက်အသင်းတာဝန်ရှိသူများနှင့်အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် စီးရီးအေကလပ်အသင်းများ ဖြစ်သည့် နာပိုလီ၊ အေစီမီလန်၊ အင်တာမီလန်၊ ဂျူဗင်တပ်၊ ရိုးမားအသင်းတို့အနေဖြင့် မည်သည့်အသင်းက ဟွိုင်လန်းအားရရှိအောင် ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဟာနန်ဒက်စ်အား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စိတ်ဝင်စား

**လန်ဒန် ဩဂုတ် ၁၃**

ဝက်စ်ဟမ်းအသင်းသည် ဆောက်သမ်တန်အသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်အားခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆောက်သမ်တန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ဆောက်သမ်တန်အသင်းကလည်း ဖာနန်ဒက်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဆောက်သမ်တန်အသင်းထံမှ ဖာနန်ဒက်စ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)

(NGB)





## အင်တာမီလန်အသင်းနှင့် မွန်ဇာအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျ

**မီလန် ဩဂုတ် ၁၃**

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်တာမီလန်အသင်းနှင့် မွန်ဇာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အင်တာမီလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် (၄၅+၁) မိနစ်တွင် ဆန်မြူလီ(OG)၊ ပွဲချိန် ၅၂မိနစ်တွင် ဖရန်ချက်စကိုတို့က သွင်းယူပေးခဲ့ပြီး၊ မွန်ဇာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် ပီဒရစ်၊ ပွဲချိန် ၈၉မိနစ်တွင် ပူလိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်တာမီလန်အသင်းသည် နိုင်ငံတကာကလပ်အသင်းများ၏ ခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၇ရက်တွင် အိုလံပီယာကို့စ် အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ကာမာဗင်ဂါ ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဩဂုတ် ၁၃**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ကာမာဗင်ဂါ ခြေကျင်းဝတ်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။



အဆိုပါ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကာမာဗင်ဂါ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက်လည်း ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကာမာဗင်ဂါသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၈၀ ကစားပြီး လေးဂိုးသွင်းယူထားသည်။ (ဝဲပုံ)

(NGB)

## 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Iga Swiatek တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁၃**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ပိုလန် တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။ (ယာပုံ)

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ယူကရိန်းတင်းနစ်မယ် Marta Kostyuk အား ၆-၁၊ ၆-၁ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပိုလန် တင်းနစ်မယ် Iga Swiatek နှင့် ရိုမေးနီးယား တင်းနစ်မယ် Sorana Cirstea တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ဂျက်ဂရီးလစ်ရှ်အား တစ်ရာသီအငှားစာချုပ်ဖြင့် အဲဗာတန်အသင်း ခေါ်ယူ



**လန်ဒန် ဩဂုတ် ၁၃**

အဲဗာတန်အသင်းသည် မန်ချက်စတာစီးတီးအသင်း တောင်ပံတိုက်စစ်ကစားသမား ဂျက်ဂရီးလစ်ရှ်အား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံတိုက်စစ်ကစားသမားသည် အဲဗာတန်အသင်းတွင် ကျောနံပါတ် (၁၈)ဂျာစီအား ဝတ်ဆင် ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)

တောင်ပံတိုက်စစ်ကစားသမား ဂျက်ဂရီးလစ်ရှ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၇ ပွဲကစားပြီး ၁၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိ ဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ဆက်လက်ခေါ်ယူအားဖြည့်သွားဦးမည်ဖြစ်သည်။

(NGB)

## ဇာဘာညီ ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် (၆)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**ပါရီ ဩဂုတ် ၁၃**

နောက်ခံကစားသမားသစ် ဇာဘာညီ ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ် (၆)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၆၃သန်း+ အပိုဆုကြေး သုံးသန်းဖြင့် ၂၀၃၀ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဇာဘာညီသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (အောက်ပုံ)

အသက်(၂၂)နှစ်အရွယ်ရှိ ဇာဘာညီက "ကျွန်တော် ပီအက်စ်ဂျီအသင်းမှာ ကျောနံပါတ် (၆)ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ လာမည့်ဘောလုံးရာသီမှာ ဒီအသင်းနဲ့အတူ ဆုဖလားများစွာရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)




## ပိုကူအား လေဗာကူဆင်အသင်း ခေါ်ယူ



**မြူးနစ် ဩဂုတ် ၁၃**

ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းသည် AZ အယ်လ်ခမာအသင်း တိုက်စစ်မှူး ပိုကူအား ပြောင်းရွှေ့ကြေး ယူရို ၁၀သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန် ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လေဗာကူဆင်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ကျောနံပါတ် (၁၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ပိုကူသည် AZ အယ်လ်ခမာအသင်းနှင့် အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ ပွဲကစားကာ လေးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ ခြင်းကြောင့် လေဗာကူဆင်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

လေဗာကူဆင်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ကိုးဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(ဝဲပုံ) (NGB)

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
| --- | --- | --- |
| ၁၄-၈-၂၀၂၅ ကြာသပတေးနေ့ | ည၁၀း၃၀နာရီ | နာပိုလီ(အီတလီ) - အိုလံပီယာကို့စ်(ဂရိ) |

## တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**တောင်ကြီး ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ဩဂုတ် ၉ ရက် မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် တောင်ကြီးတက္ကသိုလ် ဘောလုံးအသင်းနှင့် နည်းပညာတက္ကသိုလ်(တောင်ကြီး) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ယှဉ်ပြိုင်ကစားနေမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးရာ တောင်ကြီးတက္ကသိုလ် ဘောလုံးအသင်းက နည်းပညာတက္ကသိုလ်(တောင်ကြီး) ဘောလုံးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက အကောင်းဆုံး ဂိုးသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငါးသောင်းကျပ်ကိုလည်းကောင်း၊ နောက်တန်းအကောင်းဆုံးဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငါးသောင်းကျပ်ကိုလည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငါးသောင်းကျပ်ကိုလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငါးသောင်းကျပ်ကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆု ငါးသောင်းကျပ်ကိုလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

ထို့နောက် နှစ်သိမ့်ဆု(၂) ရရှိသော ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) ဘောလုံးအသင်းအား ဆုငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ နှစ်သိမ့်ဆု(၁) ရရှိသော တောင်ကြီးပညာရေးကောလိပ် ဘောလုံးအသင်းအား ဆုငွေကျပ် နှစ်သိန်းကိုလည်းကောင်း၊ တတိယဆု ရရှိသော ဆေးတက္ကသိုလ်(တောင်ကြီး) ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ် ငါးသိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော နည်းပညာတက္ကသိုလ် (တောင်ကြီး) ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားကျပ် ခုနစ်သိန်းကို လည်းကောင်း၊ ပထမဆု ရရှိသော တောင်ကြီးတက္ကသိုလ် ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားကျပ် ၁၀ သိန်းနှင့် ပထမဆုဖလားကို လည်းကောင်း အသီးသီးဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၃၆၈)**

## နှစ်စဉ် ရိုးရာမပျက်ကျင်းပသည့် ရတနာ့ဂူမြတ်စွာဘုရားနှင့် ရတနာ့ဂူနတ်ပွဲကို စည်ကားစွာ ကျင်းပမည်



**မန္တလေး ဩဂုတ် ၁၃**

နှစ်စဉ် ရိုးရာမပျက်ကျင်းပလေ့ရှိသည့် အမရပူရမြို့နယ်၊ ရတနာ့ဂူမြတ်စွာဘုရားပွဲတော်နှင့် ရတနာ့ဂူနတ်ပွဲကို ဝါခေါင်လပြည့်ကျော် ၇ ရက်မှ လကွယ်နေ့အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရတနာ့ဂူဘုရားဂေါပက အတွင်းရေးမှူးက ပြောသည်။

ယခုနှစ်တွင် ပျော်ပွဲရွှင်ပွဲအဖြစ် ဇာတ်ရုံတွင် စတူဒီယို အဆိုတော်များ၏ ဖျော်ဖြေမှုနှင့်အတူ အောင်စည်တော် ဇာတ်သဘင်အဖွဲ့မှ ပွဲတော်ရက်အတွင်း ကပြဖျော်ဖြေမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်သည်ဟု သိရသည်။

"ရတနာ့ဂူဘုရားပွဲနဲ့အတူ တောင်ပြုန်းမင်းနှစ်ပါးရဲ့မယ်တော် မယ်ဝဏ္ဏနတ်ပွဲကျင်းပတာကြောင့် အများက ရတနာ့ဂူပွဲလို့ သိကြတယ်။ ဝတ္တကမြေထဲမှာ မိုးလုံလေလုံဇာတ်ရုံကြီးရှိတယ်။ အဲ့ဒီမှာ ဇာတ်ပွဲလည်းပါမှာဖြစ်သလို စတူဒီယိုအဆိုတော်များကလည်း သီဆိုဖျော်ဖြေကြမှာပါ။ ဝင်ကြေးပေးစရာမလိုဘဲ ကြည့်ရှုအားပေးနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါနတ်ပွဲတွင် ရိုးရာအစဉ်အလာအတိုင်းကျင်းပမည်ဖြစ်ပြီး ဖောင်းတော်ဆောင်း အမတ်ကြီး နှစ်ဦးနှင့် သိုးတော်ဆောင်း မိဖုရားတစ်ဦး ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မန္တလေးလျှင်ကြီးကြောင့် ရတနာ့ဂူဘုရားတွင် ပျက်စီးခဲ့မှုများအတွက် ပြုပြင်ရန် လှူဒါန်းသူများအား ဂုဏ်ပြုလွှာများ ပေးအပ်သွားမည်ဖြစ်သည်။

"ပွဲတော်မှာ မြန်မာ့ရိုးရာမုန့်မျိုးစုံနဲ့ အခြားလူသုံးကုန်ရောင်းတဲ့ဆိုင်တွေအပြင် ကလေးများ ပျော်ရွှင်စွာ ဆော့ကစားနိုင်တာတွေလည်း ပါဝင်လို့ အေးချမ်းပျော်ရွှင်စွာနဲ့ ပါဝင်ဆင်နွှဲနိုင်ပါတယ်။ ဝါခေါင်လပြည့်ကျော် ၁၀ ရက်မှာ ချိုးရေတော်သုံးမယ်။ လကွယ်နေ့ မွန်းလွဲ ၂ နာရီမှာ ထိန်ခုတ်ပွဲပြီးတာနဲ့ မယ်တော်ကို မူလနန်းရင်းဆီ မင်းခမ်းမင်းနားနဲ့ ပြန်ပို့မှာပါ"ဟု ၎င်းက ပြောသည်။

ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် ဝါခေါင်လကွယ်နေ့ နံနက်တွင် ပင့်သံဃာ အပါး ၂၀၀ ကျော်ကို ဆွမ်းနှင့် ဆွမ်းဟင်းလျာများ လောင်းလှူမည်ဖြစ်ပြီး နတ်နှင့် နွှယ်သူများက မယ်တော်မယ်ဝဏ္ဏအား ချော့ပွဲ၊ တက်ပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မကွေး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှကျင်းပသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဆဋ္ဌမအကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ မကွေးတိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မကွေးမြို့ ပလတ်စတစ်သုံးစွဲမှုကင်းစင်ရေးအတွက် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်မသုံးစွဲရသည့်နေ့ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများနှင့် မကွေးတိုင်းဒေသကြီးအဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းများကို ဆုပေးအပ်ချီးမြှင့်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေက ဆဋ္ဌမအကြိမ်မြောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ရန် အဆိုပြုတင်ပြချက်များကို ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဆွေးနွေးတင်ပြချက်များအပေါ် အကြံပြုဆွေးနွေးကာ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**ဝင်းအိမ္မာန်(ပြန်/ဆက်)**



## ပျော်ဘွယ်မြို့နယ်တွင် (၁၀)တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၁၃**

ပျော်ဘွယ်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ (၁၀)တန်းသွားမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ဝက်လက်ကျေးရွာ၊ ကွင်းအမှတ်(၁၁၁)၊ ဦးပိုင်အမှတ်(၄၂)တွင် လယ်မြေ သုံးဧကအား လက်တွေ့စိုက်ပျိုး သရုပ်ပြခဲ့ကြသည်။

ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှနိုင်ဌေးက (၁၀)တန်းသွားမျိုးစေ့ချကိရိယာကိုင်တွယ်အသုံးပြုနည်းများ၊ စိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့်အချက်များကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့သရုပ်ပြ စိုက်ပျိုးပေးကြသည်။ **(ယာပုံ)**

(၁၀)တန်းသွားမျိုးစေ့ချကိရိယာအသုံးပြု၍ စပါးစိုက်ပျိုးခြင်းဖြင့် အလုပ်သမားလိုအပ်ချက်လျှော့ချနိုင်ခြင်း၊ လုပ်ငန်းပြီးစီးမှုမြန်ဆန်ကာ အချိန်ကုန်သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်းကြောင့် စိုက်ပျိုးစရိတ်လျှော့ချနိုင်ခြင်း၊ အပင်ပေါက်ကောင်းမွန်ခြင်းနှင့် ပင်ကြား၊ တန်းကြား ညီညာစွာ စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပေါင်းလိုက်ရာတွင် လွယ်ကူစွာ လုပ်ဆောင်နိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးခြင်းတို့ကြောင့် တောင်သူများ အားထားရမည့် စက်ကိရိယာတစ်ခုဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀-၀-၀



## ပုသိမ်ကြီးမြို့နယ်တွင် အခွန်ပညာပေး ဆွေးနွေးပွဲကျင်းပ



**ပုသိမ်ကြီး ဩဂုတ် ၁၃**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အခွန်ပညာပေး ဆွေးနွေးပွဲတွင် ပုသိမ်ကြီးမြို့နယ် အခွန်ဦးစီးမှူး ဦးဝင်းကျော်က ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးရမည့် အခွန်ဆိုင်ရာ ဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အခွန်အကြောင်း သိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွင်ဥပဒေအရ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် တည်ဆဲအခွန်များ ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြို့နယ်အခွန်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၉၅)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



## သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

**အောင်လံ ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ သွေးလွန်တုပ်ကွေးရောဂါကင်းဝေးစေရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အောင်လံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင် ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကင်းဝေးစေရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက အောင်လံမြို့၊ ဓေယျဝတီရပ်ကွက်၊ ဆားတည်းအုပ်လမ်း၊ မကျီးကုန်းရပ်ကွက်၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်လံမြို့၊ မြို့မဈေးတို့တွင် ဆောင်ရွက်ခဲ့ရာ အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရေး ရေကန်များ၊ ကျောက်စည်ပိုင်းများအတွင်းသို့ အဘိတ်ဆေးခတ်ခြင်း အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်လံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ခြင်ကြောင့် ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှု ကာကွယ်နိုင်ရေးအတွက် ဈေးနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ခြင်ခိုအောင်းနိုင်သောနေရာများ၊ ရေတင်ကျန်နိုင်သောနေရာများ၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်၍ အဘိတ်ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

*-*-*-*-*-*-*

## ဆင်စာဘူဖေးကျွေးခြင်းများဖြင့် ကမ္ဘာ့ဆင်များနေ့ အခမ်းအနားကျင်းပ

**ညောင်ဦး ဩဂုတ် ၁၃**

၂၀၂၅ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားကို မြန်မာပြည်အရပ်ရပ်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် ဆင်စခန်းအသီးသီးတွင် ဆင်စာဘူဖေးကျွေးခြင်းများဖြင့် ကမ္ဘာ့ဆင်များနေ့ကို ကျင်းပကြောင်း ပလင်းကမ်းသာယာ ဆင်စခန်းတာဝန်ခံ ဦးချစ်ကိုကို ထံက သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်းစခန်းရှိ ဆင်များအား ဆင်စာဘူဖေးကျွေးမွေးခြင်း၊ပလင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဆင်များအကြောင်း၊ အာဖရိကဆင်နှင့် အာရှဆင်များ၏ မတူကွဲပြားမှု အမူအကျင့်များ၊ မြန်မာ့ဆင်များ ထိန်းသိမ်းထားရှိမှုတို့အား ပလင်းကမ်းသာယာဆင်စခန်း တာဝန်ခံက ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးရှင်းလင်း ပြောကြားသည်။

ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်ကို ကမ္ဘာပေါ်ရှိ ဆင်များအား ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်မှ စတင်ကာ ကနေဒါနိုင်ငံသား ရုပ်ရှင်ထုတ်လုပ်သူ Patricia Sims နှင့် ထိုင်းနိုင်ငံအခြေစိုက် Elephant Reintroduction Foundation တို့မှ စတင်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ကမ္ဘာ့ဆင်များနေ့အား ကူညီပံ့ပိုးပေးနေသည့် (Wildlife Organizations) နိုင်ငံပေါင်း ၇၂ နိုင်ငံနီးပါးရှိနေပြီဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာက ရှင်းပြသည်။



ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသည့် ဆင်စခန်း ၂၂ ခုလုံး ဆင်စာဘူဖေးကျွေးခြင်းများဖြင့် ကျင်းပခဲ့ကြောင်း ဆင်များအား နာနတ်သီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရွှေဖရုံသီး၊ သရက်သီး၊ ကြံ၊ နေပီယာမြက်၊ ကိုင်းမြက်၊ ဝါးရွက်၊ ပြောင်းဖူးတို့အား ဆင်စာဘူဖေးကျွေးခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ငလိုက်စခန်းသာဆင်စခန်း တာဝန်ခံက ပြောသည်။

**(ဝဲပုံ) (၄၈၁)**

## ရွှေကျကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ရေဆင်းကျေးရွာအုပ်စု၊ ရွှေကျကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုအခြေအနေများကို ဩဂုတ် ၁၂ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ရွှေကျကျေးရွာ၌ အကျယ် လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွှေကျကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ရှိ တွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် အရှည် ပေ ၁၂၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၅၇ ဒသမ ၁၅၂သန်း အသုံးပြု၍ Y2T ကုမ္ပဏီက ယခုနှစ် ဩဂုတ် ၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**နော်လူး**



# ဦးလှထွန်း (Hospice) မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန၊ မန္တလေး (၂၂) နှစ်ပြည့် ခရီးမှတ်တမ်း



မန္တလေး ရန်ကင်းတောင်လမ်းမကြီးပေါ်၌ တည်ရှိသော ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန၊ မန္တလေးကို (၃၀-၁၀-၂၀၀၂)တွင် ပန္နက်ရိုက်၍ (၁၅-၈-၂၀၀၃) တွင် ဖွင့်လှစ်ခဲ့ပါသည်။ တည်ထောင်သူ ဆရာကြီးဦးလှထွန်း သည် ဗြိတိန်နိုင်ငံတွင် သွေးကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည့် တစ်ဦးတည်းသောသမီး ဒေါ်မြစန္ဒာထွန်းအား အစဉ်ထာဝရ အောက်မေ့သတိရစေလိုသောငှာ နောက်ဆုံးအဆင့် ကင်ဆာဝေဒနာ ရှင်များ ဘဝနိဂုံးလှပစွာ ချမ်းငြိမ်းနိုင်စေရန် ရည်ရွယ်လျက် ပထမ အဆင့် အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်း (Home Care) ကို စတင်လုပ်ဆောင်ပြီး အတွင်းလူနာဌာနကို ဖွင့်လှစ်ခဲ့ပါသည်။

(၂-၁၀-၁၉၉၈) တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ လိုင်စင်အမှတ် (၄၀/၉၈)ဖြင့်လည်းကောင်း၊ (၁၄-၁၀-၁၉၉၈) တွင် တည်ထောင်ခွင့်ပြုမိန့်အမှတ်(၇၉၃)ဖြင့် မြန်မာနိုင်ငံကုမ္ပဏီ များ အက်ဥပဒေပုဒ်မ (၂၆)အရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

**Hospice ၏ အဓိကရည်ရွယ်ချက်မှာ–**

နောက်ဆုံးအဆင့် ကင်ဆာဝေဒနာရှင်များ ဝေဒနာခံစားနေရ ဆဲအချိန်၊ ဘဝကူးတော့မည့်အချိန်နှင့် သေဆုံးပြီးနောက်ပိုင်းအချိန် များတွင် လူနာနှင့်သူ၏မိသားစု ဘဝတန်ဖိုးမြင့်မားလာစေရန် ရည်ရွယ်စောင့်ရှောက်ပါသည်။

ဆရာကြီးဦးလှထွန်းချမှတ်ခဲ့သော အခြေခံချက် (၄)ချက်ဖြင့် ပြုစုစောင့်ရှောက်ပေးပါသည်။

(က) ရုပ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်း (Physical Needs)

(ခ) စိတ်ပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်း (Psychological Needs)

(ဂ) လူမှုရေးပိုင်းဆိုင်ရာပြုစုစောင့်ရှောက်ခြင်း (Social Needs)

(ဃ) ဘာသာရေးပိုင်းဆိုင်ရာ ပြုစုစောင့်ရှောက်ခြင်း (Spiritual Needs)

ယနေ့ခေတ်ကာလ စိတ်နှင့်ခန္ဓာ သဟဇာတအကျိုးကျေးဇူး ရှိသော Therapy ငါးမျိုးဖြင့်လည်း စောင့်ရှောက်ပေးပါသည်။

(က) Somatic And Movement Therapy (ခန္ဓာကိုယ်နှင့် လှုပ်ရှားမှုဆိုင်ရာကုထုံး)

(ခ) Expressive Art Therapy (အနုပညာကုထုံး)

(ဂ) Nutrition And Lifestyle Therapy (အာဟာရကုထုံး)

(ဃ) Aroma Therapy (ရနံ့ကုထုံး)

(င) Eco Therapy (သဘာဝကုထုံး)

**Hospice ၏ ချမှတ်ထားသောမူအရ –**

ဆေးရုံများမှ လွှဲအပ်ပေးသော ကင်ဆာဝေဒနာရှင်များ၊ အား ကိုးရာမဲ့ဝေဒနာရှင်များ၊ ကူးစက်ရောဂါကင်းရှင်းသည့် ဝေဒနာရှင် များအားလုံးကို လူသားချင်းစာနာစိတ်ဖြင့် မှတ်ပုံတင်ပြီး " Free of Charge " "Free of Cost" အားလုံး 'အခမဲ့' ဖြင့် ပြုစု စောင့်ရှောက်ပါသည်။ ခုတင် (၅၀)ဆံ့ ဖြစ်ပါသည်။

ဆရာကြီးဦးလှထွန်း၏ ရည်ရွယ်ချက်မပျောက်အောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် လူနာများအား အစဉ်ကြိုးစားပြုစု စောင့်ရှောက်သွားပါမည်။ **'စောင့်ရှောက်ခြင်းသည် တို့တာဝန်'၊ 'စောင့်ရှောက်ခြင်းသည် မျှဝေမှု'** ဟူသော ဆောင်ပုဒ်နှင့်အညီ ကင်ဆာဝေဒနာရှင်များ ဘဝနိဂုံးလှပစေရန် မွန်မြတ်သောစေတနာ ဖြင့် အားလုံး 'အခမဲ့'ပြုစုစောင့်ရှောက်ပေးလာခဲ့သည်မှာ ယခု (၂၂)နှစ်ပြည့်ပြီဖြစ်ပါသည်။ နိုင်ငံခြား Hospice များတွင် ရက် ပေါင်း (၉၀)သာ ထားသော်လည်း မြန်မာနိုင်ငံရဲ့ ဦးလှထွန်း Hospice မှာ ရက်အကန့်အသတ်မရှိ အားလုံး 'အခမဲ့'လူနာများ ၏ ဆန္ဒအတိုင်း သေဆုံးချိန်အထိ စောင့်ရှောက်မှုပေးပါသည်။

ကုသမှုပြီးဆုံးပြီး ပျောက်ကင်းရန်မဖြစ်နိုင်တော့သော နောက် ဆုံးအဆင့် ကင်ဆာဝေဒနာရှင်များ သက်တမ်းပို၍ရှည်လာစေရန်၊ ဘဝဆည်းဆာအချိန် လှပစွာကုန်ဆုံးစေရန်နှင့် ကွဲပြားခြားနားသော အရပ်ဒေသများမှ ကွဲပြားခြားနားသောလူနာများကို ဝန်ထမ်းများမှ " Quality Of Care " ကောင်းစွာ " Team Work " ဖြင့် ပြု စုစောင့်ရှောက်ပေးပါသည်။ လူနာ၊ လူနာစောင့်၊ ဝန်ထမ်းများမှာ ၉၀ နှင့် ၁၀၀ကြား ရှိပါသည်။ လူနာများအား တစ်နေ့ လေးကြိမ် လူနာစောင့်နှင့်ဝန်ထမ်းများအား တစ်နေ့ နှစ်ကြိမ်(သို့မဟုတ်) သုံးကြိမ် ကျွေးမွေးပါသည်။

Asia Pacific Hospice Network ၏ အဖွဲ့ဝင်ဌာနလည်း ဖြစ်ပါသည်။ Conference များသို့လည်း တာဝန်ရှိသူများ တက် ရောက်လေ့လာဆွေးနွေးပါသည်။ Hospice လုပ်ငန်းဆိုင်ရာများ အား ကမ္ဘာနှင့်ယှဉ်၍ အမြဲမပြတ်လေ့လာသင်ယူပြီး ပြန်လည်မျှဝေ ပေးသော ဌာနလည်းဖြစ်ပါသည်။

**Palliative Care ကို ဆောင်ရွက်ရာတွင်–**

(၁) အမှန်တကယ် ဘဝကိုပေး၍ စိတ်ရင်းစေတနာဖြင့် အနစ်နာခံ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၂) လိုအပ်သော Budget ဘဏ္ဍာငွေ လုံလောက်စွာရှိရမည်။

(၃) Care ပေးနိုင်ရန် ပြီးပြည့်စုံသော Institutional ရှိရမည်။

(၄) လုပ်ငန်းကို နားလည်ပြီး ပူးပေါင်းပါဝင်ကူညီနိုင်ရမည် စသော အချက်များမှာ အဓိကအရေးပါပါသည်။

ဝေဒနာရှင်များ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အာဟာရပြည့်ဝ ရေး၊ အနံ့ဆိုးမရှိစေရေး၊ ပတ်ဝန်းကျင်သာယာစိုပြည်လှပရေး၊



လိုအပ်နေချိန်တွင် ဆေးဝါးကုသစောင့်ရှောက်မှုရရှိစေရေး၊လတ်ဆတ် သော Organic အသီးအနှံများ ကျွေးပေးနိုင်ရေးတို့အား အထူး အလေးပေးဆောင်ရွက်ပါသည်။ ဆရာကြီးဦးလှထွန်း၏ **'နေဝင်ချိန် တိမ်တောက်စေရမည်'** ဟူသော ဆောင်ပုဒ်နှင့်အညီ ကင်ဆာဝေဒနာ ရှင်များ၏ ဘဝနိဂုံးလှပစေရန် မွန်မြတ်သောစေတနာဖြင့် အားလုံး 'အခမဲ့'ပြုစုစောင့်ရှောက်ခဲ့ရာ ယခု (၂၂)နှစ်ထိ ပြုစုစောင့်ရှောက် ပြီး၊ ပြုစုစောင့်ရှောက်လျက်ရှိသော လူနာပေါင်း ၃၉၆၁ ဦး ရှိပြီ ဖြစ်ပါသည်။ လူနာများသေဆုံးချိန်တွင်လည်း ကိုးကွယ်သည့် ဘာသာအလိုက် စီစဉ်ပေးပါသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ပေးမှု ဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိသည့်အတွက် လူနာများပြုစုစောင့်ရှောက် ရာတွင် အဆင်ပြေပါသည်။

ဆရာကြီးဦးလှထွန်း၏ စနစ်တကျ စီမံထားသော သင်းဖွဲ့စည်း မျဉ်း၊ သင်းဖွဲ့မှတ်တမ်း၊ အလုပ်ခွင်စည်းကမ်း၊ စာရင်းကိုင်လက်စွဲ များ (Financial Control) ကောင်းစွာဖြင့် ရေးသွင်းထားသော စာရင်းများ၊ Record များ တိကျစွာ မှတ်တမ်းတင်ထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးသော သူနာပြုစုရေးဂေဟာ လိုင်စင်ရရှိပြီးဖြစ်ပါသည်။ ထိန်းချုပ်ဆေးဝါးများကိုလည်း ထုတ် ယူသုံးစွဲခွင့် ရထားပါသည်။ အထူးကိစ္စရပ်ဖြင့် သူနာပြုတက်ခွင့် လည်း ရထားပါသည်။ လစဉ် စာရင်းစစ်နှင့်စစ်ပြီးသော စာရင်း များကို ရန်ကုန်ရုံးချုပ်သို့ ပို့ပါသည်။ တစ်နှစ်တစ်ခါ ပစ္စည်း လက်ကျန်၊ ငွေလက်ကျန်၊ ဘဏ်လက်ကျန် (Stock Taking) ကောက်ယူစစ်ဆေးပါသည်။

လူနာ၊ လူနာစောင့်၊ ဝန်ထမ်းများမှာ မိသားစုသဖွယ် နွေးထွေး စွာ ပြုစုစောင့်ရှောက်သော်လည်း ဝန်ထမ်းများအား ငွေကြေး၊ လက်ဆောင်မပေးရန် တင်းကျပ်စွာ စည်းကမ်းချမှတ်ထားပါသည်။ လူနာများအား နှစ်စဉ် လအလိုက် လိုအပ်သည်များ ဆောင်ရွက်ပေး ပါသည်။ သီတင်းကျွတ်လပြည့်နေ့တိုင်း ဆီမီး (၁၀၀၀)ပူဇော်ရန် စီစဉ်ပေးခြင်း၊ အစိုးရအဖွဲ့(မိုးပေါ်ကျ) ကထိန်တွင် နှစ်စဉ်ပါဝင် လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းကပ်နိုင်ရန် စီစဉ်ပေးခြင်း၊ ရာသီဥတု သာယာသောလများတွင် ဘုရားဖူးပို့ပေးခြင်းများ ဆောင်ရွက်ပေး ပါသည်။ နွေ၊ မိုး၊ ဆောင်းကာလများနှင့်ကိုက်ညီသော စောင်၊ အခင်းစောင်၊ ဖျာ၊ အနွေးစောင်၊အနွေးအင်္ကျီများ စီစဉ်ပေးပါသည်။ သဘာဝဘေးအန္တရာယ်နှင့်ကြုံသည့်အချိန်တွင်လည်း စုပေါင်း၍ ကြံ့ကြံ့ခံရင်ဆိုင်နိုင်ကြပါသည်။ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံး မှုများ ရှိပါသည်။ တချို့မှာ ပြန်လည်ပြင်ဆင်ပြီးဖြစ်ပြီး မပြင်ရ သေးသော အဆောက်အအုံမှာ အဆောင်တစ်ခုနှင့် နှစ်ထပ်တိုက် ဟောတစ်ခု ဖြစ်ပါသည်။

နောက်ဆုံးအဆင့် ကင်ဆာဝေဒနာရှင်များ ဘဝနိဂုံးလှပစွာ ချမ်းငြိမ်းနိုင်စေရန် ရည်ရွယ်လျက် မွန်မြတ်သောစေတနာဖြင့် ဖွင့်လှစ်ထားသော Hospice သို့ ကင်ဆာဝေဒနာရှင်များမှ အားကိုးကာ လာရောက်၍ ပြုစုစောင့်ရှောက်မှုခံယူကြပါသည်။

ဆရာကြီးဦးလှထွန်းချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လမ်းညွှန်ချက်၊ မူဝါဒများအတိုင်း လိုက်နာပြီး ရန်ကုန်အုပ်ချုပ်မှု ကော်မတီမှ လမ်းညွှန်ချက်အတိုင်း မန္တလေးအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ် ပံ့ပိုးမှု၊ အလှူရှင်များ၊ လစဉ်အလှူရှင်များ၊ နှစ်စဉ်အလှူရှင် များ၏ မျှဝေမှုဖြင့် ယခုထက် တိုးတက်အောင် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ ဆက်သွယ်လိုပါက ဖုန်း ၀၉-၇၉၂၀၀၅၇၆၂၊ ၀၉-၆၆၄၀၅၂၆၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဒေါ်ခင်အေးမြင့် (စီမံဒါရိုက်တာ)**

# စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - နေ့စဉ်မှတ်တမ်း
စာရေးသူ - ဒဂုန်တာရာ
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၂၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (ဒုတိယအကြိမ်)
မျက်နှာဖုံးဒီဇိုင်း - ဘငွေးကြည်
စာမျက်နှာ - ၁၅၉ မျက်နှာ



စာရေးသူ၏ အမှာစာနှင့် အတူ ဆောင်းပါး ၃၃ ပုဒ်ကို စုစည်းထုတ်ဝေထားသည်။ ၂၀၁၂ ခုနှစ်တွင် စံပယ်စာအုပ်တိုက်မှ ထွက်ရှိခဲ့ပြီး ယခု ဒုတိယ အကြိမ်အဖြစ် ဖြည့်စွက်ရိုက်နှိပ် ထုတ်ဝေခြင်းလည်း ဖြစ်သည်။

"ကျွန်တော် မျက်စိကောင်း၍ စာဖတ်နိုင်မည်ဆိုလျှင် ကျွန်တော်ကိုယ်တိုင် ဖတ်ခြင်းထက် အသံဖြင့် ဖတ်ရသည်ကိုသာ လုပ်ချင်နေတော့သည်။ အကျင့်ရနေပြီ။ ကျွန်တော်သည် စိတ်ကူးရုပ်ပုံကို ပို၍ယုံကြည်လာမိသည်။ ရသစာပေရေးဖွဲ့သူတို့အဖွဲ့ ကောင်းလျှင် ကောင်းသလောက် စိတ်ကူးတို့ကို မျက်စိထဲတွင် မြင်လာမည်။"

(စာမျက်နှာ-၁၄ မှ)

ဤစာအုပ်၏ ထူးခြားချက်မှာ ဆရာကြီး ဒဂုန်တာရာသည် မျက်စိမမြင်သောကြောင့် "စာရေးနည်း၊ စာဖတ်နည်း"ကို အသံဖြင့် ဆောင်ရွက်၍ ပြုလုပ်နိုင်မည့် စာအုပ်ကောင်းဖြစ်ရာ စိတ်ကူးချိုချိုစာပေ(မန္တလေး)စာအုပ် အရောင်းဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

# ဖော်ညွှန်းသီ

စာအုပ်အမည် - နှလုံးရောဂါနှင့် လေဖြတ်ခြင်း မဖြစ်စေရ
စာရေးသူ - ဒေါက်တာ ခွန်စိုးမိုး
ထုတ်ဝေသည့်စာပေတိုက် - ရွှင်မတောင်စာပေ
တန်ဖိုး - ၃၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(စတုတ္ထအကြိမ်)
မျက်နှာဖုံးဒီဇိုင်း - ထက်အာကာကျော်
စာမျက်နှာ - ၁၄၅ မျက်နှာ

ပါမောက္ခဒေါက်တာ ခင်မောင်ဝင်း (အသည်း)၏ အမှာစာနှင့် ထွက်ရှိလာသော စာအုပ်ဖြစ်ပြီး အခန်း ၉ ခန်းဖြင့် ရေးသားကာ ကာကွယ်လမ်းညွှန်မှုပေးသည့် ဆောင်းပါးများဖြစ်သည်။

"ယခုပြောပြမည့် ကာကွယ်ခြင်း၊ အသက်ကယ်ခြင်းများသည် နောင် ငါးနှစ်၊ ဆယ်နှစ်တွင်မှ ပေါ်လာမည့်၊ လုပ်နိုင်မည့် အရာများ မဟုတ်ပါ။ ယခု လုပ်နိုင်သည့် အရာများသာ ဖြစ်ပါသည်။ ထို့ပြင် စာဖတ်သူ မယုံနိုင်အောင် အံ့သြသွားမည်မှာ ယခုလက်ရှိ အနေအထားနှင့် နှလုံးရောဂါ ဖြစ်နိုင်ခြေများသူကို ခွဲစိတ်စရာမလို၊ နာကျင်ခံစားစရာမလို၊ နာလန်ထ ချိန်မလိုသည့် ရောဂါရှာဖွေနည်းများနှင့် သိရှိနိုင်ပြီး လက်ဦးမှု ရယူကုသနိုင်ပြီ ဖြစ်သည်။"



(စာရေးသူရေးသားရသည့် ရည်ရွယ်ချက်မှ-)

ဒေါက်တာ ခွန်စိုးမိုး၏ "နှလုံးရောဂါနှင့် လေဖြတ်ခြင်း မဖြစ်စေရ" စာအုပ်သည် ဆေးလောကဝန်ထမ်းများနှင့် ပြည်သူလူထု မဖြစ်မနေ လက်စွဲဖတ်ရှုသင့်သော စာအုပ်ဖြစ်ရာ မန္တလေး စာအုပ် အရောင်းဆိုင်များနှင့် (စိုးဆေးဆိုင်)တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

## ဆရာပြည့်ဆွေ(နတ္တလင်း)၏ စာအုပ်လှူဒါန်းပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု Community Center ခန်းမတွင် အမရပူရ မြို့နယ် စာရေးဆရာအသင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးအတွက် ဆရာ ပြည့်ဆွေ(နတ္တလင်း)၏ စာအုပ်လှူဒါန်းပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာ ပြည်ဖြိုးသီ၊ အတွင်းရေးမှူး နန်းမျိုးဝင်း(စိတ်ပညာ)တို့က မှဒိတာ စကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းက မိတ်ဆက်ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယင်းနောက် အလှူရှင် ပြည့်ဆွေ(နတ္တလင်း)က စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး စာအုပ်များကို လှူဒါန်းပေးခဲ့သည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲသို့ တက်ရောက်လာသော စာရေးဆရာများနှင့် စာပေဝါသနာရှင်များက မိတ်ဆက်မှဒိတာစကားများပြောကြားခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုးသီဟ(အမရ)**



## အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသူအတွက် အကျိုးခံစားခွင့် ထုတ်ပေး

**သာစည် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် လူမှုဖူလုံရေး အဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော အမှတ်(၃) တန် ၁၂၀၀ ဘီလပ်မြေစက်ရုံမှ အာမခံအလုပ်သမား အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့်အတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက်က မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက အာမခံအလုပ်သမားများ ခံစားရမည့် အကျိုးခံစားခွင့်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး တာဝန်ခံအရာရှိနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးထက်လွင်တို့က သာစည်မြို့နယ်၊ အမှတ်(၃) တန် ၁၂၀၀ ဘီလပ်မြေစက်ရုံမှ အာမခံအလုပ်သမား ဦးဘိုလင်း၏ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၃၆၀၀၀၀၀ ကို သေဆုံးသူ၏ဇနီး ဒေါ်ခင်မျိုးမြင့်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၇)

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

# တောအလှူ

* တောအလှူ
မနောဖြူ သဒ္ဓါကဲ
ရွာနယ်စုံ မီးခိုးတိတ်
ပွဲဖိတ်လို့နွှဲ ။

* ဗျောစည်သံ ညံမစဲ
ရှင်ပြုပွဲ ခြိမ့်ခြိမ့်စည်
ချောင်းစီးလှ ထမင်းရည်
ဆန်ရာချီ ချက်ကာ ကျွေး
မမောနိုင် အိုးသူကြီး
ဒီးဒီးကျချွေး ။

* မဏ္ဍပ်လယ် ညှော်ခံကျွေး
လက်ဖက်ဆေး ကွမ်း အစုံ
ကုမ္မာရီ ပျိုတစ်သင်း
တည်ခင်းဝိုင်းအုံ ။
ဆိုင်းဝိုင်းဘေး သိမ့်သိမ့်တုန်
ထမင်းရုံ လူမစဲ
ပွဲတော်လာ
နွဲ့ပျော်ကာ ရွှင်မဆုံးတယ်
အနန်းခြိမ့်ခြိမ့်သဲ ။ ။

ကျော်ချိုမြင့်(ကန့်ဘလူ)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် ၊ စာပေ လေ့လာစို့ ။





## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်

**မန္တလေး ဩဂုတ် ၁၃**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ကျောင်းထိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊B.A)ထံမှ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုပြီး ဦးမောင်ဝင်း(ရဲမှူး)အားရည်စူး၍ မန္တလေး၊ မြို့သစ်ရပ်နေ အလှူရှင် ဒေါ်မြင့်သန်းချို၊ (သား) ကိုဝင်းချိုဦး+ မဥမ္မာစိုး၊ (သမီး) ကိုလင်းသူရိန်အောင်+မတင်ချိုဝင်း၊ ကိုမျိုးလင်းထွန်း+ မသက်ချိုဝင်း မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၈ သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် နှစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဌာန္တကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(PNT)

0-0-0-0-0

## မဟာလောကရံသီ အိမ်တော်ရာစေတီတော် ရွှေသင်္ကန်းကပ်လှူနိုင်ရန် အလှူငွေများ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်ရှိ အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းတည်ထားကိုးကွယ်တော်မူခဲ့သော မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်အား ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန် အလှူငွေ လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့က ဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် အလှူရှင် ဖခင်ကြီး ဦးတင်ထွန်းအားရည်စူး၍ မိခင်ကြီး ဒေါ်ဆန်းကူအား အမှူးထားလျက် သမီးဖြစ်သူ ဒေါက်တာမိုးမိုးထွန်း၊ မြေးဖြစ်သူ ဒေါက်တာသက်ထားဆွေ၊ တူဖြစ်သူ ဦးမိုးဇော်ထွန်း(မိုးသောက်နှင်းကုမ္ပဏီ)မိသားစုမှ ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ရာ ဂေါပကအဖွဲ့နာယက ဦးချစ်ထွန်းနှင့် အဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ပြီး လှူဒါန်းမှု အစုစုအတွက် စေတီတော်ဩဝါဒါစရိယမိုးကောင်းကျောင်းတိုက်၊ ဇယဝတီကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနာဘိဝံသထံမှ အနုမောဒနာ တရားနာယူကြည်ညိုကာ ရေစက်သွန်းချ အမျှပေးဝေသည်။

မဟာလောကရံသီ အိမ်တော်ရာစေတီတော်မြတ်သည် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရာ ပြုပြင်နိုင်ရန် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ ဖုန်း ၀၉-၂၀၂၂၁၇၁နှင့် စေတီတော်ဝင်းအတွင်းရှိ အလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၇၂)**



## မဟာမြိုင်(၂)ရပ်ကွက်ရှိ ဘုန်းကြီးကျောင်း လေးကျောင်းအားထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် ၂ ရပ်ကွက်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ များအား ဘုန်းကြီးကျောင်း လေးကျောင်းဖြစ်သည့် ဇေယျာသီရိရွာဦးကျောင်း၊ ရန်အောင်မြင်ကံလှကျောင်း၊ ချမ်းသာရကျောင်း၊ မဟာဝိဇယကျောင်းများရှိ သံဃာတော်များအား ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်မှုကို မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်၍ ဆက်လက်ပေးအပ်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၅၆)**



တို့က်တာဆင့်ဆင့်၊ မိုးထိမြင့်လည်း

ပန်းနှင့်သစ်ပင် ၊ မတွေ့မြင်က

ဝန်းကျင်ခြောက်ခန်း ၊ စိတ်ပင်ပန်း၏။

## သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ်ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းကို ဇူလိုင် ၁၁ ရက် 




မွန်းလွဲ ၃ နာရီက ယင်းကျောင်းတွင် ပြုလုပ်သည်။

ဆွမ်းအလှူငွေ လှူဒါန်းခြင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ်ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းအဖြစ် ၂၀၂၅ ခုနှစ် ဇူလိုင်လအတွက် ငွေကျပ် သိန်း ၂၀ ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန(မန္တလေး)မှ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်ဆွေက ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဥပဌာန္တကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၀၅၂)**

၀-၀-၀-၀-၀

## ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ်လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၉၅)ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင် ၆၅ ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို ယမန်နေ့ နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက်ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊ စေတနာရှင်များ စုပေါင်း၍ လစဉ် လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူလျက်ရှိရာ (၉၅)ကြိမ်မြောက်လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက် အသီးသီးမှ သီလရှင် ၆၅ ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ဝတ္ထုငွေ အသုံးအဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီး ကျောင်းဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှတန်းဝေခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်အမှတ်(၆၀၁)၊ ဦးပိုင်အမှတ်(၂၀-က)၊ ဧရိယာ (၀ ဒသမ ၀၆)ဧက အကျယ်အဝန်းရှိ ဒေါ်နုနုယဉ် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း အရှေ့-အနောက်(တောင်ဘက်) ၂၃ ပေ၊ အရှေ့-အနောက်(မြောက်ဘက်) ၂၆ ပေ၊ တောင်-မြောက်(အရှေ့ဘက်) ၄၉ ပေ၊ တောင်-မြောက်(အနောက်ဘက်) ၄၄ ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငယ်ငယ်(ဘ)ဦးမြင့်ဆွေ(၉/အမရ(နိုင်)၁၀၈၃၁၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ ဂရန်မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ယဉ်ယဉ်ဦး (LL.B) (စဉ်-၁၈၂၉၀) (တရားလွှတ်တော်ရှေ့နေ)**

**အကွက်(၉၀၁)၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၈၉၇၁၅၀၇၄၄၊ ၀၉-၂၅၉၁၁၃၅၁၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၁)၊ ဦးပိုင်နံပါတ်(၁၆)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၈၂၆)ဧက အကျယ်အဝန်းရှိ ဗိုလ်မှူး အောင်သွင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းသူ(ဘ)ဦးသန်းစိန်(၉/အမဇ(နိုင်)၀၀၂၇၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ

**ဒေါ်အိအိမွန် (LL.B, LL.M)** — တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** — တရားလွှတ်တော်ရှေ့နေ

**ဒေါ်အေးနန္ဒာထွန်း (LL.B)** — တရားလွှတ်တော်ရှေ့နေ

**ဒေါ်မာလာစိုး (LL.B)** — အထက်တန်းရှေ့နေ

**ဒေါ်ဖူးသန့်မွန်(LL.B)** — အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

# i-print လုပ်ငန်းနှင့် ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၆၈၁)၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ အမှတ်(ဘီ-၁(၅-၆))နေ ဒေါ်ချောစုလှိုင်(ဘ)ဦးသိန်းမောင်(၉/ခအဇ(နိုင်)၀၅၂၂၀၂)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးတားမြစ်ကြေညာပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင်သည် (၂၀-၁-၂၀၀၉)ခုနှစ်တွင် ဦးခင်မောင်အေးနှင့်အတူ i-print လုပ်ငန်းကို စတင်တည်ထောင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် ဦးခင်မောင်အေးတို့၏ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ ကြိုးစားအားထုတ်မှုတို့ကြောင့် i-print လုပ်ငန်းသည် အောင်မြင်ထင်ရှားသော လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လာခဲ့ပါသည်။ သို့သော် i-print လုပ်ငန်းအား နှစ်ဦးပိုင်လုပ်ငန်းအဖြစ် အတူတကွ လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မရှိကြတော့ကြောင်း ဦးခင်မောင်အေးဘက်မှ (၂၀၂၃)ခုနှစ်ကတည်း ကမ်းလှမ်းလာခဲ့သဖြင့် မိမိရပိုင်ခွင့်အား ကိုယ်စီခွဲဝေရယူကြရန် (၂၀၂၃)ခုနှစ်ကတည်းက ညှိနှိုင်းလာခဲ့ရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင်မှ နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရရှိခဲ့ကြပါသည်။ လုပ်ငန်းပိုင်ဆိုင်မှုများနှင့် ဝန်ထမ်းများကို ရှယ်ယာအချိုးအစား (၂း၁)အတိုင်း မဲနှိုက်ခွဲဝေယူရန် ဦးခင်မောင်အေးဘက်မှ စတင်စီစဉ်လုပ်ဆောင်ခဲ့ပြီး လုပ်ငန်းအမည်နှင့်နေရာကို လေလံစနစ်ဖြင့် ခွဲဝေယူကြရန် နှစ်ဦးနှစ်ဘက် သဘောတူညီခဲ့ပါသည်။ လုပ်ငန်းပိုင်ဆိုင်မှုများကို လေလံစနစ်ဖြင့် ခွဲဝေရန် သဘောတူပြီးနောက် အပြီးသတ်ခွဲဝေခြင်း ကတိစာချုပ် ချုပ်ဆိုရန် ပြင်ဆင်နေစဉ် (၁၅-၁-၂၀၂၅)ရက်တွင် ဦးခင်မောင်အေး ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် (၁၆-၁-၂၀၂၅) ရက်တွင် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးခင်မောင်အေး၏ ဇနီးဖြစ်သူ ဒေါ်နန်းလှလှဌေး(ကိုယ်စား-ဒေါ်ခင်ကောင်းစံ)တို့အကြား သဘောတူညီမှုစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ ၎င်းစာချုပ် ချုပ်ဆိုခြင်းကိုလည်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင်မှ လူမှုရေးအရ ရက်အကန့်အသတ်မရှိ နောက်ဆုတ်ခဲ့သော်လည်း ဒေါ်နန်းလှလှဌေး(ကိုယ်စား ဒေါ်ခင်ကောင်းစံ)တို့၏ ဆန္ဒအရ (၁၆-၁-၂၀၂၅)ရက်တွင် စာချုပ် ချုပ်ဆိုကြခြင်းဖြစ်ပါသည်။ လေလံပြိုင်ဆိုင်မှုစနစ်အရ i-print လုပ်ငန်းပိုင်ဆိုင်မှု၏ သုံးပုံ၊ နှစ်ပုံကို ဒေါ်နန်းလှလှဌေးက ရရှိပြီး သုံးပုံ၊ တစ်ပုံကို ကျွန်ုပ်၏မိတ်ဆွေက ရရှိမည်ဖြစ်ပါသည်။ လေလံတွင် အမြင့်ဆုံးဈေး ကျပ်သိန်း ၅၁၀၀ ဖြင့် အောင်မြင်ခဲ့သူ ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်နန်းလှလှဌေးထံသို့ သတ်မှတ်ထားသော စာချုပ်ပါငွေများကို (၁၆-၂-၂၀၂၅)ရက်တွင် အပြေအကြေ ပေးချေခဲ့ပါသည်။ ထို့နောက် နှစ်ဖက်သဘောတူညီမှုဖြင့် 'အစုစပ်လုပ်ငန်း၏ စာရင်းရှင်းလင်းခြင်းနှင့် လုပ်ငန်းအမည်၊ လုပ်ငန်းတည်ရှိရာနေရာ၊ လုပ်ငန်းပိုင်ပစ္စည်းနှင့် ငွေကြေး၊ တာဝန်တို့ကို ခွဲဝေသည့်ကတိစာချုပ်' ကို ချုပ်ဆိုခဲ့ပြီး i-print လုပ်ငန်းကို ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းပိုင်လုပ်ငန်းအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့ပြီး ယခင်ထက်ပင် အဆပေါင်းများစွာ ပိုမိုအောင်မြင်ခဲ့ပါသည်။

ထိုသို့ ကျွန်ုပ်၏မိတ်ဆွေသည် ဦးဆောင်လုပ်ကိုင်နေသော i-print လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ဒေါ်ချောစုလှိုင်နှင့်ပတ်သက်၍ လည်းကောင်း ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ကာ မဟုတ်မမှန်သတင်းများ၊ ကောလာဟလများ ဖြန့်ဝေပြောဆိုနေသည်ကို ကျွန်ုပ်တို့အနေဖြင့် ပြန်လည်သိရှိရပြီး အဆိုပါလုပ်ရပ်များသည် ဥပဒေနှင့်မညီညွတ် လုပ်ရပ်များဖြစ်ပါသည်။ ထို့ကြောင့် i-print လုပ်ငန်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင်တို့နှင့်ပတ်သက်၍ အကျိုးမဲ့သော၊ အခြေအမြစ်မရှိသော မဟုတ်မမှန်လုပ်ရပ်များကို ချက်ချင်းရပ်တန့်ပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အကယ်၍ အထက်ဖော်ပြပါ လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်ပါက ကျူးလွန်သူများအပေါ် အပြည့်အဝ တာဝန်ရှိစေမည်ဖြစ်ပြီး ထိုသို့သော လုပ်ရပ်များအတွက် ကျွန်ုပ်မိတ်ဆွေ၏ အခွင့်အရေးအရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားတထုံး စွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ခဲ့ရပါက ကုန်ကျစရိတ်အဝဝနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာမှုအားလုံးအတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးတို့ အပါအဝင် တရားမနစ်နာမှုအတွက် ရထိုက်သော အခွင့်အရေးတို့ကိုပါ ကျူးလွန်သူအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း အများသိစေရန် စေတနာကောင်းဖြင့် တစ်ပေါင်းတည်း သတိပေးအကြောင်းကြားလိုက်သည်။

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၉၃၃)**

**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၅)၊ ဦးပိုင်အမှတ်(၃၆)၊ အကျယ်(၃၀×၄၀)ပေ အကျယ်အဝန်းရှိသော ဒေါ်စိန်အေးနှင့် သားမက် ဦးစန်းဦးတို့ ပူးတွဲရရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အဆောက်အအုံ၊ အဝီစိရေ+မီးမီတာအပါအဝင် အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ၁။ ဒေါ်အေးအေးခိုင်ငြိမ်း(ဘ)ဦးငြိမ်းမောင်(၅/မမန(နိုင်)၀၃၈၅၉၉)၊ ၂။ ဒေါ်ထွေးထွေး(ဘ)ဦးမြ(၉/ခမစ(နိုင်)၀၁၆၉၉၄)တို့က ပိုင်ဆိုင်ကြောင်း အဆိုပြုရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ညွန့်စိန် (LL.B) တရားလွှတ်တော်ရှေ့နေ**
**၆၉-အေလမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၃၆၁၄၀၁၊ ၀၉-၄၄၁၀၂၇၃၀၉**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၄)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော တပ်ကြပ်ကြီး စာရေး ကျော်သိန်းအောင် KBU-၁၀၇၅၁၅ (ဘ)ဦးကျော်အေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်ဝင်း(ဘ)ဦးသန်းမောင်(၉/မရမ(နိုင်)၀၅၉၂၇၅)က ပိုင်ဆိုင်ကြောင်း အဆိုပြုရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ညွန့်စိန် (LL.B) တရားလွှတ်တော်ရှေ့နေ**
**၆၉-အေလမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၃၆၁၄၀၁၊ ၀၉-၄၄၁၀၂၇၃၀၉**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၂)၊ ဦးပိုင်အမှတ်(၉၁+၉၂)၊ ဧရိယာ (၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ မြေကွက်များသည် ဒုတိယဗိုလ်မှူးကြီးသက်ဦးမောင် အမည်ပေါက် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်များနှင့် မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဦးကျော်စိုးလင်း(၁/မကန(နိုင်)၀၉၉၃၄၅) ထံမှ ကျွန်တော်ဦးကျော်ထူးက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးကျော်ထူး(ဘ)ဦးကျော်ရင်**
**(၉/ပကခ(နိုင်)၀၁၅၁၈၈)**
**ဒဒ-၄၅/၂၃၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်။**
**ဖုန်း ၀၉-၂၀၀၁၉၀၃၆၊ ၀၉-၂၀၃၀၁၆၆**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊အမရပူရမြို့နယ်၊ ကင်းဘက်ရပ်ကွက်၊ အကွက်/ကွင်းအမှတ်(၅၇၃-က)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၄ ဒသမ ၁၆)ဧက အကျယ်အဝန်းရှိ ဦးတင်အောင် အမည်ပေါက် ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်-မြေအောက်နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးတင်အောင်(ဘ)ဦးဖိုးရီ(၉/အမရ(နိုင်)၁၀၇၆၄၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ယနေ့(၁၁-၈-၂၀၂၅)ရက်တွင် ရောင်းကြေးငွေ အပြေအကြေ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးမျိုးဇော်ဦး (LL.B, D.B.L) | ဒေါ်မေစင်စုမွန်(LL.B, D.B.L) |
|---|---|
| စဉ်(၉၅၉၅) | စဉ်(၉၅၉၃) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(ဗ-၆/၁၃၅)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၇၀၄၃၂၉၊ ၀၉-၄၄၂၀၀၃၉၂၄**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၈)၊ ဦးပိုင်အမှတ်(၅၅+၇၂)၊ ဧရိယာ (၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သန်းသန်း(ဘ)ဦးမွတ္တား(၅/စကန(နိုင်)၀၈၆၈၅၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၁)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိသော ဦးအောင်ဆန်း အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ(၁၈ပေ× ၂၅ပေ)အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြော်ငြာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဝင်းမေ(ဘ)ဦးမှတ်ကြီး(၉/မရတ(နိုင်)၀၅၇၀၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြော်ငြာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)၊ ဦးပိုင်နံပါတ်(၁၇)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးမောင်ထွန်း အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးညီညီ(ဘ)ဦးအောင်တင်(၈/မမန(နိုင်)၁၀၈၆၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၀)၊ ဦးပိုင်နံပါတ်(၇၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဒေါ်ခင်မြင့်မေ အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နွယ်နွယ်ဝင်း(ဘ)ဦးလှသော်(၉/မနမ(နိုင်)၁၁၂၄၉၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ လူမှုယဉ်ကျေးမှုအပိုင်းတွင်လည်း ဗဟုဝင်ရိုးခေတ်ကြီးတွင် ပါဝါအရွေ့များ ဖြစ်ပေါ်ပြောင်းလဲမှု မြန်ဆန်လာသည့်အတွက် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကနေရာရောက်လာ...

❖ သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင်ဆောင်ရွက်ရန်နှင့် နိုင်ငံခြားဩဇာအရှိန်သက်ရောက်အောင် ကြိုးစားနေမှုများအပေါ်ကိုလည်း တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး / လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael Dunford အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael Dunford အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှန်တကယ်လိုအပ်နေသူများထံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ အထွေထွေရွေးကောက်ပွဲကျင်းပရေးကိစ္စရပ်များ၊ သဘာဝဘေး ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံး၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ စုပေါင်းရုံးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်နှင့် မိတ္တူလျှောက်ထားသူပြည်သူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးအတွင်း၌ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့သည့် အချက်အလက်များအား ရုံးချုပ်ရှိ e-ID Sever ရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ပြင်ဆင်ဖြည့်စွက်ကာ မဲစာရင်းမှန်ကန်ရေးအတွက် အတည်ပြုလူဦးရေစာရင်း တိကျမှန်ကန်ရေး ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရုံးခန်းအတွင်း စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ မီးဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ကျဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများအနက် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များ၊ လက်ရှိယာယီတဲများဖြင့်နေထိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး Container House ၌ ဝန်ထမ်းများကိုတွေ့ဆုံကာ လေဆိပ်ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေ၊ လေဆိပ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေး၊ လေဆိပ်ရုံးခန်းများ ပြန်လည်ပြင်ဆင်ပြီးပါက လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိရေး မှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဖိလစ်ပိုင်အား သရေကစားပြီး မြန်မာအသင်း အုပ်စုပထမဖြင့် အရှေ့တောင်အာရှချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

**ရန်ကုန် ဩဂုတ် ၁၃**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စု-ခ) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းအား တစ်ဖက်တစ်ဂိုးစီဖြင့် သရေကစားပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည့်ပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကို မြန်မာအသင်း တိုက်စစ်မှူး ဝင်းသီဂီထွန်းက ဆွတ်ခူးရရှိခဲ့သည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ(အုပ်စု-ခ) အုပ်စုပွဲစဉ် သုံးပွဲစလုံးကစားအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ရမှတ် ၇မှတ် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အရှေ့တောင်အာရှ ချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းအသင်းနှင့် တွေ့ဆုံမည်ဖြစ်ပြီး လာမည့်ဩဂုတ် ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(NGB)

